# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# (၁၁) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | နိုင်ငံတစ်ဝန်းလုံးတွင် နှစ်(၃၀)အငှားဖြင့်ချထားပေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧကပေါင်း မည်မျှရှိပါသနည်း၊ ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူခဲ့သော မြေဧကပေါင်းမည်မျှရှိပါသနည်း၊ ပြန်လည်သိမ်းယူပြီးသော မြေဧကများကို ဒေသခံပြည်သူများနှင့် မြေယာမဲ့တောင်သူများအတွက် မည်သို့ခွဲဝေ ချထားပေးမည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မြစ်သားမြို့နယ် ဝါသီးနှံသုတေသနခြံရှိ အဆောက်အဦဟောင်းများအား အကြီးစားပြုပြင်မွမ်းမံပြီး လိုအပ်သော အဆောက်အဦသစ်များ ထပ်မံဆောက်လုပ်၍ စိုက်ပျိုးရေးသိပ္ပံကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ဒီပဲယင်းမြို့နယ်၊ သရက်ကန်ကျေးရွာရှိ တောင်သူလယ်သမားများသည် ပြီးခဲ့သည့် နွေစပါး စိုက်ပျိုးရာသီတွင် Great Wall Tomorrow Hi-tech Agriculture Co.,Ltd. ၏(GW-1 Hybrid Pearl Rice Seed)စပ်မျိုးစပါးမျိုးစေ့ကိုယူပြီး ပျိုးထောင်စိုက်ပျိုးခဲ့ရာ မျိုးစေ့မှန်ကန်မှုမရှိ၍ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါသောကြောင့်ကုမ္ပဏီကို မည်သို့အရေးယူဆောင်ရွက်ပြီး တောင်သူ လယ်သမားများ၏ နစ်နာဆုံးရှုံးမှုကို မည်သို့ကုစားပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | သန္တေမြို့၊ မိုင်းယန်းရွာနှင့် လုံမောက်ကျေးရွာ ရေရရှိရေးအတွက် သဘာဝရေထွက်နေရာမှ ၎င်းကျေးရွာ များသို့ ရေသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၁၃ |
| ၉ | ဈေးကွက်အတွင်းရှိတောင်သူလယ်သမားများ၏ သွင်းအားစုများဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့နှင့် | ၁၅ |

မြေဆီအမျိုးမျိုးတို့၏ အရည်အသွေးကို မည်သို့စစ်ဆေးခွင့်ပြုနေသည်ကို သိလိုခြင်းနှင့် ဈေးကွက်အတွင်းရှိ သံသယရှိသော သွင်းအားစုများကို စစ်ဆေးပေးစေလိုပါက မည်သို့ တာဝန်ယူဆောင်ရွက်ပေးသည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း

၁၀ လယ်ယာမြေစီမံခန့်ခွဲရေးအဆင့်ဆင့်စစ်ဆေးလျက်ရှိသော အငြင်းပွားမှု စစ်ဆေးသောအမှုတွဲကို သက်ဆိုင်သူများ ကူးယူခွင့်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၀

၁၁ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေချိုအင်းများ၏ အင်းနယ်နိမိတ် သတ်မှတ်ချက်မြေပုံများကို တိကျမှန်ကန်စွာ ဖော်ထုတ်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၄

၁၂ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမား ရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း ၅၃

၁၃ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း ၆၀

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း ၆၀

၁၅ ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း ၆၃

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၈

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

# (၁၁) ရက်မြောက်နေ့ အစီအစဉ်

# [ ၇–၁၂–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝန်းလုံးတွင် နှစ်(၃၀) အငှားဖြင့်ချထားပေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧကပေါင်း မည်မျှရှိသနည်း၊ ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူခဲ့သော မြေဧကပေါင်း မည်မျှရှိပါသနည်း၊ ပြန်လည်သိမ်းယူပြီးသော မြေဧကများကို ဒေသခံ ပြည်သူများနှင့် မြေယာမဲ့ တောင်သူများအတွက် မည်သို့ ခွဲဝေချထားပေးမည် တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ် ဝါသီးနံ့ သုတေသနခြံရှိ အဆောက်အဦဟောင်းများအား အကြီးစား ပြုပြင်မွမ်းမံပြီး လိုအပ်သော အဆောက်အဦသစ်များ ထပ်မံဆောက်လုပ်၍ စိုက်ပျိုးရေးသိပ္ပံကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ဒီပဲယင်းမြို့နယ်၊ သရက်ကန် ကျေးရွာရှိ တောင်သူလယ်သမားများသည် ပြီးခဲ့သည့်နွေစပါး စိုက်ပျိုးရာသီတွင် Great Wall Tomorrow Hi-Tech Agriculture Co.Ltd ၏ (GW-1 Hybrid Pearl Rice Seed) စပ်မျိုးစပါး၊ မျိုးစေ့ကိုယူပြီး ပျိုးထောင် စိုက်ပျိုးခဲ့ရာ မျိုးစေ့မှန်ကန်မှုမရှိ၍ နစ်နာ ဆုံးရှုံးမှုများ ကြုံတွေ့ရပါသောကြောင့် ကုမ္ပဏီကို မည်သို့ အရေးယူ ဆောင်ရွက်ပြီး တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုကို မည်သို့ ကုစားပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီမြို့၊ မိုင်းယန်းရွာနှင့် လုံမောက် ကျေးရွာ ရေရရှိရေးအတွက် သဘာဝရေထွက်နေရာမှ ၎င်းကျေးရွာ များသို့ ရေသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ဟန်ထွန်း၊ ဘုတလင် မဲဆန္ဒနယ်၏ **ဈေးကွက်အတွင်းရှိ တောင်သူ လယ်သမားများ၏ သွင်းအားစုများဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့နှင့် မြေဆီအမျိုးမျိုးတို့၏ အရည်အသွေးကို မည်သို့စစ်ဆေးခွင့်ပြုနေသည်ကို သိလိုခြင်းနှင့် ဈေးကွက်အတွင်းရှိ သံသယရှိသော သွင်းအားစုများကို စစ်ဆေးပေးစေလိုပါက မည်သို့ တာဝန်ယူဆောင်ရွက်ပေးသည်ကို သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **လယ်ယာမြေ စီမံခန့်ခွဲရေး အဆင့်ဆင့်စစ်ဆေးလျက်ရှိသော အငြင်းပွားမှုများ စစ်ဆေးသောအမှုတွဲကို သက်ဆိုင်သူများ ကူးယူခွင့် ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၏ **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေချိုအင်းများ၏ အင်းနယ်နိမိတ် သတ်မှတ်ချက်မြေပုံများကို တိကျမှန်ကန်စွာ ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၊

(ခ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဂ) ဦးလုံဂျုံဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

၉။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၁။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က **“ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၂။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
## (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၆၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၃၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၆၅ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၁ ရက်၊
(၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၃) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊
(၄) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၁ ရက်၊
(၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၆) ခရမ်းမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၁ ရက်၊
(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် ၁ ရက်၊
(၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့် ခွင့် ၁ ရက်၊
(၉) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊
(၁၀) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၁၁) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊
(၁၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၁ ရက်၊
(၁၃) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၁ ရက်၊
(၁၄) ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ခွင့် ၁ ရက်၊
(၁၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၁၆) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊
(၁၇) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၁၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၁၉) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊
(၂၀) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၁ ရက်၊
(၂၁) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၂၂) ပုတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်၊
(၂၃) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၁ ရက်၊
(၂၄) ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ခွင့် ၁ ရက်၊
(၂၅) ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ခွင့် ၁ ရက်၊
(၂၆) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊
(၂၇) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊
(၂၈) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊
(၂၉) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၃၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊
(၃၁) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၁ ရက်၊
(၃၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊
(၃၃) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊
(၃၄) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊
(၃၅) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၃၆) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၃၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊
(၃၈) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊
(၃၉) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်နှင့်
(၄၀) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတစ်ဝန်းလုံးတွင် နှစ်(၃၀)အငှားဖြင့်ချထားပေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧကပေါင်း မည်မျှရှိပါသနည်း၊ ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူခဲ့သော မြေဧကပေါင်းမည်မျှရှိပါသနည်း၊ ပြန်လည် သိမ်းယူပြီးသော မြေဧကများကို ဒေသခံပြည်သူများနှင့် မြေယာမဲ့တောင်သူများအတွက် မည်သို့ခွဲဝေ ချထားပေးမည်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တာနှင့်အညီ လယ်ယာ၊ ဥယျာဉ်၊ ခြံမြေ၊ သစ်တောမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုပြီး မြေယာတွေပေါကြွယ်ဝတဲ့နိုင်ငံပါ။ ဒါပေမဲ့ နိုင်ငံရဲ့အဓိကပြဿနာက အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မယ့် တောင်သူတွေရဲ့လက်ထဲမှာ မြေယာတွေရှိမနေတာပဲ ဖြစ်ပါတယ်။ ဘာကြောင့် လဲဆိုရင် ယခင်ကာလတွေက တောင်သူတွေစိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်ယာမြေတွေကို နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေကို အကြောင်းပြပြီး သိမ်းဆည်းခဲ့တာတွေရှိသလို သစ်တောမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုပြီးလည်း လယ်ယာတွေကို သိမ်းယူခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက် စတဲ့ဥပဒေတွေနဲ့အညီ လယ်ယာ မြေတွေကို သိမ်းယူခဲ့တာမဟုတ်ပါဘူး။ သိမ်းချင်သလို သိမ်းယူခဲ့တာတွေကြောင့် တောင်သူတွေမှာ လယ်ပိုင်ရှင်၊ ယာပိုင်ရှင်ဘဝကနေ လယ်မဲ့၊ ယာမဲ့ လက်လုပ်လက်စားဘဝသို့ရောက်ရှိနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ အချို့သောတောင်သူတွေမှာ ကိုယ့်လယ်ကိုယ့်ယာမြေပေါ်မှာ ထွန်ယက် စိုက်ပျိုးစားသောက်နေရင်း လယ်ယာမြေတွေလည်း မတရားသိမ်းဆည်းခံရတဲ့အပြင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၄၇၊ ပိုင်နက်ကျူးလွန်မှု ၄၂၇၊ အကျိုးဖျက်ဆီးမှု၊ သစ်တောဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(က) မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ ပုဒ်မ ၂၇၊ ၂၈ တို့နှင့် တရားစွဲဆိုခံနေရပါတယ်။ တောင်သူတွေ

အနေနဲ့ လယ်ယာမြေတွေကို မတရားသိမ်းဆည်းခံခဲ့ရလို့ စားစရာမရှိပါဘူးဆိုနေမှ တရားပါစွဲဆိုခံနေရတော့ ဒုက္ခမျိုးစုံခံစားနေရပြီး မိသားစုအလိုက် ဘဝပျက်သွားကြတဲ့တောင်သူတွေမှာ ဒုနဲ့ဒေးပါ။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေကို မပြဋ္ဌာန်းမီကပင် နိုင်ငံပိုင်သစ်တောမြေတွေကို စိုက်ပျိုးမြေများအဖြစ် အသုံးပြုရန်ဟုဆိုကာ ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ ဧက ထောင်၊ သောင်းချီပြီး လုပ်ပိုင်ခွင့်များ ချထားပေးခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေကို ပြဋ္ဌာန်းပြီးတဲ့အခါမှာလည်း မြေဧကပေါင်းမြောက်မြားစွာကို နှစ်(၃၀)အငှားဖြင့် လုပ်ပိုင်ခွင့်များ ထပ်မံချထားပေးခဲ့ပါတယ်။ ဒါပေမဲ့ မြေယာတွေကို အငှားချထားပေးရာမှာ ဒေသခံတောင်သူများနှင့် မြေယာမဲ့တောင်သူလယ်သမားတွေကို ဦးစားပေးချထားခြင်းမရှိဘဲ လူပုဂ္ဂိုလ်အချို့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများကိုသာ လုပ်ပိုင်ခွင့်များ ချထားပေးနေတာကို တွေ့ရှိရပါတယ်။ နှစ်(၃၀)အငှားဖြင့် စိုက်ပျိုးလုပ်ပိုင်ခွင့်ပေးထားတဲ့ မြေယာတွေပေါ်မှာ အမှန်တကယ် စိုက်ပျိုးထားခြင်းရှိ/မရှိကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)မှာပါရှိတဲ့ စတင်ခွင့်ပြုတဲ့နေ့မှ လေးနှစ်အတွင်း အပြီးစိုက်ပျိုးရမယ်လို့ ပြဋ္ဌာန်းထားတဲ့အတိုင်း စိစစ်သင့်ပါတယ်။ လက်တွေ့မြေပြင်မှာတော့ မြေယာလက်ဦးမှုအနေနဲ့ ရယူထားတဲ့ မြေယာတွေပေါ်မှာ သတ်မှတ်ကာလဖြစ်တဲ့ လေးနှစ်ကျော်တဲ့အထိ စိုက်ပျိုးထားခြင်းမရှိတာကို တွေ့ရှိရပါတယ်။ အမှန်တကယ် စိုက်ပျိုးထားခြင်းမရှိတဲ့မြေယာတွေကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)၊ (၄)တို့နှင့်အညီ ပြန်လည်သိမ်းယူဖို့ လိုပါတယ်။ ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူပြီးတဲ့ မြေယာတွေကို နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဒေသခံတောင်သူများနှင့် လယ်ယာမြေသိမ်းဆည်းခံရလို့ မြေယာမဲ့သွားကြတဲ့ တောင်သူလယ်သမားတွေကို ဥပဒေနှင့်အညီ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိအောင် ခွဲဝေချထားပေးသင့်ကြောင်း တိုက်တွန်းလိုပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးတွင် နှစ်(၃၀)အငှားဖြင့်ချထားပေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧကပေါင်း မည်မျှရှိပါသနည်း။ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဘဲ မြေယာလက်ဦးမှုအနေဖြင့် ရယူထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်သိမ်းယူခဲ့သော မြေဧကပေါင်း မည်မျှရှိပါသနည်း။ ပြန်လည်သိမ်းယူပြီးသော မြေဧကများကို ဒေသခံပြည်သူများနှင့် မြေယာမဲ့တောင်သူများအတွက် မည်သို့ခွဲဝေချထားပေးမည်ကို ပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပါ့မယ်။ ဦးမျိုးဇော်ဦးအနေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို စနစ်တကျစီမံခန့်ခွဲပြီး

နိုင်ငံတော်ရဲ့အကျိုးအတွက် ထိရောက်စွာအသုံးချဆောင်ရွက်သွားနိုင်ရေးကို ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းထားတယ်ဆိုတာကို သုံးသပ်ရရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်းပဲ ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို စနစ်တကျနှင့် အကျိုးရှိရှိအသုံးချနိုင်ဖို့ လွန်ခဲ့တဲ့ ၁၉၉၁ ခုနှစ်ကတည်းကပဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ယင်းအဖွဲ့မှာလည်း တာဝန်နှင့် လုပ်ပိုင်ခွင့်တွေကို သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့အခြေအနေဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို သီးခြားဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ပြီးတော့ အဲဒီဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းတွေကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရခွင့်ပြုထားတဲ့၊ ဥပဒေနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းတွေအတွက် လုပ်ပိုင်ခွင့်ချထားပေးခဲ့တဲ့နေရာမှာ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ မပြဋ္ဌာန်းမီ ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ခွင့်ပြုထားခဲ့တဲ့ ဧရိယာဟာ ဧကပေါင်း ၂၂၂၀၀၀၀ ကျော်ရှိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ဗဟိုကော်မတီက ချထားပေးခဲ့တဲ့ ဧရိယာဟာ ဧကပေါင်း ၁၀၅၀၀၀ ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းအဖွဲ့တွေက ခွင့်ပြုခဲ့တဲ့ဧရိယာပေါင်းဟာ ဧက ၁၉၀၀၀၊ ၂၀၀၀၀ နီးပါးရှိပါတယ်။ ဒါကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စုစုပေါင်း လုပ်ကိုင်ခွင့်ပြုခဲ့တဲ့ ဧရိယာစုစုပေါင်းဟာ ဧက ၂၃၀၀၀၀၀ ကျော်ရှိကြောင်း တင်ပြအပ်ပါတယ်။

ခွင့်ပြုခဲ့ပြီးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးတဲ့အချိန်အထိ မြေပြင်မှာ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မှုမရှိတဲ့ဧရိယာတွေကို ခွင့်ပြုမိန့်ပြန်လည်ရုပ်သိမ်းပြီးတော့ နိုင်ငံတော်အတွက် အကျိုးရှိစွာပြန်လည်အသုံးချနိုင်ရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားတဲ့ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားတဲ့ မြေဧရိယာတွေအတွက်ကိုတော့ ခွင့်ပြုမှုကို ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို မိမိတို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့က စီမံခဲ့ပါတယ်။ ယခုအစိုးရ လက်ထက်မှာလည်းပဲ ယင်းကိစ္စနှင့်ပတ်သက်ပြီးတော့မှ အထူးအဖွဲ့များဖွဲ့စည်းပြီး စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ပြန်လည်သိမ်းယူရမယ့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက အတည်ပြုတဲ့ဧကပေါင်းဟာ ၁၃၇၀၀၀၀ ခန့်ရှိပါတယ်။ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ခွင့်ပြုခဲ့မှုနှင့် ပြန်လည်သိမ်းယူရန် အတည်ပြုခဲ့တဲ့ဧကစာရင်းကို Power Point မှာတင်ပြထားပါတယ်။ စစ်ဆေးစိစစ်အတည်ပြုချက်အရ အမှန်တကယ်လုပ်ကိုင်တဲ့ဧကတွေပေါ်မှာ ပြင်ဆင်မိန့်များ ပြန်လည်ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။ အမှန်တကယ်လုပ်ကိုင်မှုမရှိတဲ့ မြေဧရိယာတွေဟာ နိုင်ငံတော်ရဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစာရင်းကို ပြန်လည်ရောက်ရှိသွားပြီဖြစ်ပါတယ်။

**မူကြမ်း**

ကျန်ရှိနေသေးတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေအလိုက် စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတဲ့ ဧရိယာတွေကို ပြန်လည် သိမ်းယူသွားဖို့ အထူးလုပ်ငန်းအဖွဲ့များနှင့် ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ယင်းပြင်ဆင်တဲ့ဥပဒေအရ စိုက်ပျိုးရေးလုပ်ငန်းအတွက်ဆိုရင် ဧက ၃၀၀ အထိကို၊ မွေးမြူရေးလုပ်ငန်းဆိုရင် ဧက ၅၀ အထိ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှာ လျှောက်ထားခွင့်ပြုချက်ရယူနိုင်ပါတယ်။ ယင်းပမာဏထက်ပိုတဲ့ ဧရိယာဧကများအတွက် ဗဟိုသို့ လျှောက်ထားခွင့်ပြုချက် ရယူဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြန်လည် သိမ်းယူပြီးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို ဒေသခံပြည်သူများရယူလုပ်ကိုင်မယ်ဆိုပါက စိစစ်ခွင့်ပြုချထားပေးမှာဖြစ်ပါတယ်။ ယင်းသို့ဆောင်ရွက်နိုင်မှု တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ အနေနဲ့ မိမိတို့ဒေသအတွင်း မြေယာမဲ့များကို စီမံခန့်ခွဲချထားပေးမည်ဆိုပါကလည်းပဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာတဲ့အပေါ်မှာ ခွင့်ပြုဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုမှုအားလုံးကို ဥပဒေနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး နိုင်ငံတစ်ဝန်းလုံးမှာ လုပ်ပိုင်ခွင့်ပြုခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဧရိယာဧကပေါင်းဟာ လက်ရှိစိစစ်အတည်ပြုမှုအရ ၂၃၀၀၀၀၀ ရှိပြီးတော့ ယနေ့အထိ ပြန်လည်သိမ်းယူပြီးတဲ့ ဧရိယာဧကဟာ ၁၃၇၀၀၀၀ ကျော်ရှိပါကြောင်းနှင့် အဆိုပါသိမ်းယူထားတဲ့ မြေဧကတွေအပေါ် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လျှောက်ထားလုပ်ကိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြစ်သားမြို့နယ် ဝါသီးနှံ့သုတေသနခြံရှိ အဆောက်အဦဟောင်းများအား အကြီးစားပြုပြင်မွမ်းမံပြီး လိုအပ်သော အဆောက်အဦသစ်များ ထပ်မံဆောက်လုပ်၍ စိုက်ပျိုးရေးသိပ္ပံကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့မှာ ကျွန်တော်တို့ မြစ်သားမြို့နယ်အတွက်ရော၊ နိုင်ငံအတွက်ရော အရမ်းအရေးကြီးတဲ့မေးခွန်းတစ်ခုကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့မြစ်သားမြို့နယ်မှာ စိုက်သိပ္ပံကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ကျွန်တော်တို့ မြစ်သားမြို့ရဲ့အများစု ၇၀ ရာခိုင်နှုန်းကျော်ကျော်က တောင်သူလယ်သမားတွေပဲ ဖြစ်ကြပါတယ်။ ဒီတောင်သူလယ်သမားလုပ်ငန်းကိုမလုပ်တဲ့ တခြားသူတွေကလည်း တောင်သူပေါ်ကိုပဲ မှီခိုရပါတယ်။ ဥပမာ- အရောင်းအဝယ်လုပ်ငန်းပဲဖြစ်စေ၊ ရွှေဆိုင်

ပဲဖြစ်စေ၊ စားသောက်ဆိုင်ပဲဖြစ်စေ၊ နောက်ဆုံးယုတ်စွအဆုံး အလှူအတန်းမှာ မောင်ရှင်လောင်းရဲ့ ပစ္စည်းငှားတဲ့လုပ်ငန်းပဲဖြစ်စေ၊ ဗွီဒီယိုလုပ်ငန်းပဲဖြစ်စေ ဒီတောင်သူလယ်သမားပြေလည်မှ မြို့နယ်တစ်ခုလုံးပြေလည်တဲ့သဘောရှိပါတယ်။ ယခင်က မြစ်သားမြို့နယ်မှာ ဝါဂိုထောင်ကြီးတွေ၊ ဝါစက်ကြီးတွေ၊ ဝါချည်မျှင်စက်ကြီးတွေ၊ စိုက်ပျိုးရေးအ.ထ.ကကျောင်းတွေနဲ့ စည်စည်ကားကားသာယာဝပြောစွာရှိခဲ့ပါတယ်။ ယခုအခါမှာကျတော့ ထိုလုပ်ငန်းတွေ မရှိတော့ဘဲနဲ့ ဝါဂိုထောင်ကြီးကလည်း ဟောင်းနွမ်းပျက်စီးနေပြီးတော့ စိုက်ပျိုးရေး အ.ထ.ကကျောင်းမှာလည်း အဆောက်အဦဟောင်းတွေပဲ ရှိပါတော့တယ်။ ကျွန်တော် ဒီမေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါပါတယ်။ ပထမပိုင်းကတော့ အဆောက်အဦဟောင်းတွေကို ဘယ်လို အကျိုးရှိအောင် ပြုပြင်ထိန်းသိမ်းမလဲ။ နောက်ထပ်အဆောက်အဦသစ်တွေထပ်ဆောက်ပေးမလဲဆိုတဲ့အပိုင်းရယ်။ ဒုတိယအပိုင်းကတော့ စိုက်ပျိုးရေးသိပ္ပံဖွင့်လှစ်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့အပိုင်းရယ် ဖြစ်ပါတယ်။ ကျွန်တော့်ဆီကို ဒေသခံတောင်သူလယ်သမား၊ ရပ်မိရပ်ဖ၊ မြို့မိမြို့ဖတွေက အကြိမ်ကြိမ်အခါခါ လူချင်းတွေ့တဲ့အခါမှာသော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ စိုက်ပျိုးရေးသိပ္ပံသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ပေးဖို့ အင်မတန်အာသီသရှိနေကြပါတယ်။ တကယ်လို့ စိုက်ပျိုးရေးသိပ္ပံကြီးဖွင့်လှစ်ရင်တောင်မှ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့သင်တန်းကျောင်းတစ်ကျောင်းလောက်ဖွင့်လှစ်ပေးဖို့ တောင်းဆိုပေးပါလို့ ကျွန်တော့်ကို တင်ပြကြပါတယ်။ ကျွန်တော်တို့ယခုအချိန်မှာလည်း Vocational Education လို့ခေါ်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်ကို အားပေးနေတဲ့အချိန်မှာ မြစ်သားမြို့နယ်က နိုင်ငံအတွက်ပါအကျိုးရှိနိုင်မယ့်အတွက် ဒီမြစ်သားမြို့နယ်သာမက တောင်သူလယ်သမားပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မေးခွန်း(၁) မြစ်သားမြို့နယ် ဝါသီးနှံသုတေသနခြံရှိ အဆောက်အဦဟောင်းများအား အကြီးစားပြုပြင်မွမ်းမံပြီး လိုအပ်သောအဆောက်အဦသစ်များ ထပ်မံဆောက်လုပ်၍ စိုက်ပျိုးရေးသိပ္ပံကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မေးခွန်း(၂) စိုက်ပျိုးရေးသိပ္ပံကျောင်းဖွင့်လှစ်ရန် အစီအစဉ်မရှိပါက အဆိုပါအဆောက်အဦဟောင်းများအား အကြီးစားပြင်ဆင်မွမ်းမံပြီး စိုက်ပျိုးရေးနှင့်ပတ်သက်သော သင်တန်းကျောင်းတစ်ခုခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ မေးခွန်း(၃) အစီအစဉ်မရှိပါက အဆိုပါအဆောက်အဦဟောင်းများအား နိုင်ငံတော်အတွက် အကျိုးရှိရန် မည်ကဲ့သို့စီမံခန့်ခွဲပေးမည်နည်းဟူသောမေးခွန်းများပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနဟာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ စိုက်ပျိုးရေးသိပ္ပံတွေဖွင့်ပြီး နိုင်ငံတော်ရဲ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှာ လိုအပ်တဲ့ အလယ်အလတ်အဆင့်

မူကြမ်း

ကျွမ်းကျင်တဲ့ စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးကို ကိုယ်စားပြုပြီး စိုက်ပျိုးရေးသိပ္ပံတွေကို ဖွင့်လှစ်ပေးလျက်ရှိတဲ့အခါမှာ စိုက်ပျိုးရေးသိပ္ပံ ၁၄ ကျောင်းအထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါစိုက်ပျိုးရေးသိပ္ပံကျောင်း ၁၄ ခုမှာ မန္တလေး တိုင်းဒေသကြီးအနေနဲ့ ပုသိမ်ကြီးစိုက်ပျိုးရေးသိပ္ပံလည်းပါဝင်ပါတယ်။ လက်ရှိမှာလည်းပဲ စစ်ကိုင်း တိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့မှာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးသိပ္ပံ(ဟုမ္မလင်း)ကို ထပ်မံဖွင့်လှစ်နိုင်ဖို့အတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာဖွင့်လှစ်တဲ့ စိုက်ပျိုးရေးသိပ္ပံ ၁၄ ကျောင်းနှင့် ထပ်မံဖွင့်လှစ်ဖို့အတွက် ဆောင်ရွက်လျက်ရှိတဲ့ စိုက်ပျိုးရေးသိပ္ပံ(ဟုမ္မလင်း)အတွက် ဆရာဆရာမများနှင့် ဝန်ထမ်းများ ပြည့်စုံလုံလောက်မှုရှိဖို့၊ သိပ္ပံကျောင်းတွေအတွက် လိုအပ်မည့်အဆောက်အဦများ၊ ပရိဘောဂများ၊ သင်ကြားရေးဆိုင်ရာပစ္စည်းကိရိယာများနှင့် အုပ်ချုပ်မှုဆိုင်ရာများ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ဖို့ အတွက်လည်းပဲ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ဖက်မှာလည်းပဲ စိုက်ပျိုးရေးသိပ္ပံတွေက မွေးထုတ်ပေးလိုက်တဲ့ အလယ်အလတ်အဆင့်စိုက်ပျိုးရေးပညာရှင်များကို အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီး လေ့ကျင့်မွေးထုတ်ဖို့ ရည်ရွယ်အကောင်အထည်ဖော်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ မြစ်သား ဝါသုတေသနခြံဟာ ယခင်က စိုက်ပျိုးရေး အထက်တန်းကျောင်းအဖြစ် တည်ရှိခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာ ဖျက်သိမ်းခဲ့ပြီးတဲ့နောက် စိုက်ပျိုးရေး သုတေသနဦးစီးဌာနရဲ့ ဝါသုတေသနခြံအဖြစ် ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ ယင်းခြံမှာရှိတဲ့ အဆောက်အဦတွေဟာ ၁၉၆၅ ခုနှစ်ပတ်ဝန်းကျင်ကတည်းက တည်ဆောက်ခဲ့တဲ့အလျောက် နှစ်ကာလကြာမြင့်လာတာနဲ့အမျှ သဘာဝဘေးဒဏ်လုံးဝခံနိုင်ရည်မရှိတော့တဲ့ အဆောက်အဦများ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဖျက်သိမ်းခွင့်စာရင်းပယ်ဖျက်ပြီး လေလံတင်ရောင်းချခြင်းတို့ကို ဆောင်ရွက်သွားဖို့ စီမံထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြစ်သားမြို့နယ်ဟာ မိမိတို့မြန်မာ နိုင်ငံအလယ်ပိုင်းဒေသမှာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ရေခံမြေခံအခြေခံကောင်းများရှိတဲ့ ဒေသဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါနေရာမှာ ဝါမျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ဖို့ Breeding House တွေဆောက်လုပ်ဖို့၊ ဝါသီးနှံသုတေသနအတွက် လိုအပ်တဲ့ ချည်အရည်အသွေး စစ်ဆေးမှုအပါအဝင် ခေတ်မီဓာတ်ခွဲခန်းအဆောက်အအုံများ ဆောက်လုပ်ခြင်းစတဲ့လုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ဖို့အတွက် မိမိတို့ဝန်ကြီးဌာနမှ စီမံထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အလျောက် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေတင်ပြ တောင်းခံပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပါတယ်။ အဆိုပါလုပ်ငန်းများနှင့်ယှဉ်တွဲပြီး ဒေသဝါစိုက်တောင်သူတွေနှင့် ပုဂ္ဂလိကဝါလုပ်ငန်းရှင်များအတွက်ကိုလည်း နည်းပညာသင်တန်း များပေးခြင်းနှင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းလုပ်ငန်းတွေကို စီမံလုပ်ကိုင်သွားမှာဖြစ်တဲ့အတွက် သီးခြားစိုက်ပျိုးရေးသင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒီပဲယင်းမြို့နယ်၊ သရက်ကန်ကျေးရွာရှိ တောင်သူလယ်သမားများသည် ပြီးခဲ့သည့် နွေစပါး စိုက်ပျိုးရာသီတွင် Great Wall Tomorrow Hi-tech Agriculture Co.,Ltd. ၏(GW-1 Hybrid Pearl Rice Seed)စပ်မျိုးစပါးမျိုးစေ့ကိုယူပြီး ပျိုးထောင်စိုက်ပျိုးခဲ့ရာ မျိုးစေ့မှန်ကန်မှုမရှိ၍ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါသောကြောင့် ကုမ္ပဏီကို မည်သို့အရေးယူဆောင်ရွက်ပြီး တောင်သူ လယ်သမားများ၏ နစ်နာဆုံးရှုံးမှုကို မည်သို့ကုစားပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာစေလို့ မေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းရဲ့အခြေခံအကြောင်းရင်းကတော့ ဒီပဲယင်းမြို့နယ်၊ တည်တော၊ မိချောင်းအိုင်၊ သရက်ကန်ကျေးရွာတွေမှာ တောင်သူလယ်သမားများဟာ ယခုနှစ် နွေစပါးရာသီ ပုလဲသွယ်စပ်မျိုး စပါးကိုဝယ်ယူပြီး ပျိုးထောင်စိုက်ပျိုးခဲ့ကြပါတယ်။ စိုက်ပျိုးရေးဌာနရဲ့ပညာပေးမှုနဲ့ လယ်သမားများရဲ့ အတွေ့အကြုံတို့ ပေါင်းစပ်ပြီး စနစ်တကျစိုက်ပျိုးခဲ့ကြပါတယ်။ ဒါပေမဲ့လည်း စပါးအပင်ပေါက်ဟာ ၅၀ ရာခိုင်နှုန်းခန့်သာ အပင်ပေါက်လာပြီး အပင်မညီညာဘူး၊ အနှံထွက်ချိန်ညီညာမှုမရှိဘူး၊ စပါးရင့် ချိန်သက်တမ်းမတူညီခြင်းစတဲ့ အခက်အခဲပြဿနာတွေကို တွေ့ရှိလာရပါတယ်။ ဒါကြောင့်မို့ စပါးအထွက်နှုန်းသိသိသာသာ လျော့ကျနိုင်တာကို သတိပြုမိတဲ့အတွက် သက်ဆိုင်ရာအာဏာပိုင် များကို အသိပေးအကြောင်းကြားခဲ့ပါတယ်။ ၂၆-၆-၂၀၁၈ ရက်နေ့မှာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကလည်း လာရောက်စစ်ဆေးကွင်းဆင်းခဲ့ပါတယ်။ စပ်မျိုးစပါးမျိုးစေ့ မှန်ကန်မှုမရှိတာကိုလည်း တွေ့ခဲ့ရပါတယ်။ စပါးမျိုးစေ့ကုမ္ပဏီဖြစ်တဲ့ Great Wall Tomorrow Hi-tech Agriculture Co., Ltd. မှ တာဝန်ခံလည်းရောက်ရှိလာပြီးတော့ လယ်သမားများနဲ့ နစ်နာမှုကို ညှိနှိုင်းခဲ့ကြပါတယ်။ မြို့နယ်မှ တာဝန်ရှိသူများနှင့်လည်း ဆက်လက်ပြီးတော့ ညှိနှိုင်းပြီးတော့ လယ်သမားများအမှန်တကယ် နစ်နာတဲ့အတွက် နစ်နာကြေးတစ်ဧကကို ကျပ်တစ်သိန်းပေးမယ်လို့ ပြောပါတယ်။ သို့သော် လယ်သမားများက ကျေနပ်မှုမရှိသဖြင့် ၆-၇-၂၀၁၈ ရက်နေ့မှာ သရက်ကန်ကျေးရွာမှာ တောင်သူ လယ်သမား ၂၀ လောက်နဲ့ ရွှေဘိုမြို့နယ်မှ တောင်သူလယ်သမား ပူးပေါင်းအင်အား ၅၀ ကျော်တို့ဟာ ထိုက်တန်တဲ့လျော်ကြေးရရန် မုံရွာမြို့တွင် စီတန်းလှည့်လည် ဆန္ဒပြခဲ့ကြပါတယ်။ ကော်မတီမှ ညှိနှိုင်းနေစဉ်ကာလအတွင်း ဆန္ဒပြ၍ နစ်နာကြေးမပေးတော့ဘူးလို့ ၂၀-၇-၂၀၁၈ ရက်နေ့မှာ အသိပေးခဲ့ပါတယ်။ သို့သော် လယ်သမားများက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ စားသုံးသူရေးရာဦးစီးဌာနအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို အသိ ပေးပြီးနစ်နာကြေးရရန် ဆက်လက်လှုပ်ရှားခဲ့သဖြင့် ကုမ္ပဏီမှ တောင်သူ ၃၈၈ ဦးရဲ့ ၁၃၉၂ ဧကကျော် ကို မျိုးဖိုးပါလျော်ပြီး တစ်ဧကကိုတစ်သိန်းကျပ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာနဲ့ ထောက်ပံ့ပေးခဲ့ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ GW-1 အမှတ်တံဆိပ်နဲ့ Great Wall Tomorrow Hi-tech ရဲ့ တစ်ကီလိုဝန်အိတ်ပါ။ Great Wall International Co., Ltd.

**မူကြမ်း**

ရဲ့ GW-1 အမှတ်တံဆိပ်နဲ့ တစ်ကီလိုဝန်အိတ်ပါ။ အဲဒီအိတ်နှစ်အိတ်ဟာ ဆိုဒ်တူအရွယ်တူ၊ ပုံသဏ္ဍာန်တူ ဖြစ်ပါတယ်။ တစ်ခုက လိပ်စာပါတယ်။ တစ်ခုက International ကလိပ်စာမပါပါဘူး။ အဲဒါပဲကွာခြားပါတယ်။ နောက် International မှာတော့ ပုလဲသွယ်ဆိုတဲ့ မြန်မာစကားလုံးလေးလည်း တွေ့ရပါတယ်။ နောက်တစ်ခုကတော့ ကျောဘက်မှာဆိုလို့ရှိရင်လည်း ဆက်သွယ်ရန်လိပ်စာပါတာနဲ့ မပါတာနဲ့ ခွဲထားပါတယ်။ နောက်တစ်ခုက ဘယ်ဘက်အခြမ်းမှာကတော့ GW-1 ဆိုတဲ့ အမှတ်တံဆိပ်ကတော့ အတူတူပါပဲ။ အဲဒီလိုဟာမျိုးတွေကို ကျွန်တော်တို့ တွေ့ရှိရတဲ့အခါကျတော့ ဒီ Great Wall International ကုမ္ပဏီဟာ နစ်နာတဲ့တောင်သူတွေကို လာရောက်ပြီးတော့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်တာလည်း မရှိတဲ့အတွက် ဒီကုမ္ပဏီက မှတ်ပုံတင်ထားတဲ့ကုမ္ပဏီဟုတ်/မဟုတ် ကျွန်တော်တို့ သိချင်ပါတယ်။ နောက်တစ်ခုက မှတ်ပုံတင်မထားခဲ့ဘူးဆိုလို့ရှိရင်လည်း Great Wall International ကုမ္ပဏီကို ဘယ်လိုအရေးယူထားသလဲဆိုတာကိုလည်း သိချင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဆိုတာက ဆန်စပါးစိုက်ပျိုးမှုကို အားထားမှီခိုပြီး လုပ်ကိုင်စားသောက်နေတဲ့ တောင်သူလယ်သမား ၇၀ ရာခိုင်နှုန်းလောက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားဘဝဆိုတာ စိုက်ပျိုးရာသီတစ်ရာသီ ထိခိုက်ပျက်စီးလို့ရှိရင် ကြွေးတင်ပြီး မိသားစုစားဝတ်နေရေး၊ ကလေးငယ်များရဲ့ ပညာသင်ကြားရေး၊ ကျန်းမာရေးအစစအရာရာ အခက်အခဲဖြစ်သွားပါတယ်။ သဘာဝဘေးဒဏ်အမျိုးမျိုးကိုလည်း အတွေ့အကြုံခံစားခဲ့ရဖူးပါတယ်။ စပါးစစ်ပိုးဆိုတာလည်း နှစ်စဉ်လိုလိုတွေ့ကြုံခံစားနေရတဲ့ဒုက္ခတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် တောင်သူလယ်သမားများအသုံးပြုနေတဲ့ မျိုးစပါး၊ မျိုးနှမ်းစတဲ့မျိုးစေ့များနဲ့ပတ်သက်ပြီး မျိုးစေ့ဆိုင်ရာကျွမ်းကျင်မှုကော်မတီများဖွဲ့စည်းပြီး မျိုးစေ့ကုမ္ပဏီများရဲ့ မျိုးစေ့ကို သုတေသနပြုလေ့လာမှုဖြင့် တောင်သူလယ်သမားများကို အသိပေးလမ်းညွှန်မှုများ ဆောင်ရွက်ထားသလားဆိုတာကိုလည်း သိချင်ပါတယ်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအစရှိတဲ့ ကုန်ပစ္စည်းများရောင်းချတဲ့ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ ဥပဒေနဲ့အညီ ကြီးကြပ်လမ်းညွှန်ပညာပေးခြင်းများ ဆောင်ရွက်ထားခြင်းရှိ/မရှိဆိုတာကိုသိလို၍ တောင်သူလယ်သမားများရဲ့ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါမယ်။ ဒီပဲယင်းမြို့နယ်၊ သရက်ကန်ကျေးရွာမှာရှိတဲ့ တောင်သူလယ်သမားတွေဟာ ပြီးခဲ့တဲ့နွေစပါးစိုက်ရာသီမှာ Great Wall Tomorrow Hi-tech Agriculture Co., Ltd. ရဲ့ GW-1 Hybrid Pearl Rice Seed စပ်မျိုး စပါးမျိုးစေ့ကိုယူ စိုက်ပျိုးခဲ့တဲ့အခါမှာ မျိုးစေ့ရေမှန်ကန်မှုမရှိတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေ ကြုံတွေ့ရတယ်ဆိုတဲ့ အခြေအနေဖြစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်၊ တည်တော၊ မိချောင်းအိုင်ကျေးရွာများမှာ GW-1 စပ်မျိုးစပါးတွေရဲ့ မျိုးသန့်စင်မှုအားနည်းတဲ့အတွက်ကြောင့် အထွက်နှုန်းထိခိုက်တယ်ဆိုပြီးတော့ မိမိတို့တိုင်းဒေသကြီးဌာနမှ တင်ပြချက်ခဲ့တဲ့အပေါ်မှာ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စပါးအထွက်နှုန်း စုံစမ်းစစ်ဆေးရေးအဖွဲ့စေလွှတ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ တောင်သူကိုယ်စားလှယ်တွေ၊ ကုမ္ပဏီမှကိုယ်စားလှယ်တွေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနဲ့ တွေ့ဆုံဆွေးနွေးစိစစ်မှုများ ဆောင်ရွက်ခဲ့ပါတယ်။

မျိုးစေ့ထုပ်ပိုးအိပ်တွေပေါ်မှာ ကုမ္ပဏီအမည် ရိုက်နှိပ်မှုနှင့်ပတ်သက်ပြီး စိစစ်တဲ့အခါမှာ ကုမ္ပဏီဟာ တစ်ခုတည်းဖြစ်ပြီးတော့ Great Wall Tomorrow Hi-tech Agriculture Co., Ltd. နဲ့ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ဖို့ လိုင်စင်ယူထားတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ သို့သော်လည်း တောင်သူများကို မျိုးစေ့တွေဖြန့်ဖြူးတဲ့အခါမှာ ယင်းကုမ္ပဏီကပဲ လိုင်စင်ယူထားတဲ့အမည်ကိုပဲ Great Wall အမည်ပါပြီးတော့ စာတန်းအမျိုးအစားကွဲပြားစွာ ရိုက်နှိပ်ပြီး မျိုးစေ့ဖြန့်ဖြူးမှုကို ဆောင်ရွက်ထားကြောင်းစိစစ်တွေ့ရှိရပါတယ်။ စပါးအထွက်နှုန်း စုံစမ်းစစ်ဆေးရေးအဖွဲ့အနေနဲ့ သရက်ကန်ကျေးရွာကို မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့တဲ့အခါမှာ အထက်ပါ အိတ်အမျိုးမျိုး သုံးစွဲဆောင်ရွက်မှုနဲ့ မျိုးစေ့အရည်အသွေးညံ့ဖျင်းမှုကို မျိုးစေ့သုံးစွဲစိုက်ပျိုးဧရိယာမှ တောင်သူများနဲ့ တွေ့ဆုံစိစစ်ခဲ့ပါတယ်။ အထွက်နှုန်းထိခိုက်ခဲ့တဲ့ တောင်သူပေါင်း ၃၃၄ ဦးရှိပြီးတော့ ဧရိယာပေါင်းဟာ ၁၄၀၄ ဧကကျော်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကာလမှာ သမားရိုးကျအထွက်နှုန်းထက် အထွက်နှုန်းပိုမိုများပြားတဲ့ စပ်မျိုးစပါးများ တိုးချဲ့စိုက်ပျိုးလာတဲ့အတွက် မျိုးစေ့ရဲ့လိုအပ်ချက်များပြားလာတဲ့ အခြေအနေရှိပါတယ်။ အဲဒီအခြေအနေမှာ ကုမ္ပဏီအနေနဲ့ အပင်ပေါက်ရာနှုန်းနည်းတဲ့ မျိုးစေ့များမပါရှိစေရေး အဓိကထားဆောင်ရွက်ရမယ့်အစား ရောင်းလိုအားကောင်းလာတဲ့နဲ့အညီ သေချာကြီးကြပ်စစ်ဆေးမှု အားနည်းပြီး ဖြန့်ဖြူးဆောင်ရွက်ခဲ့တဲ့ အနေအထားရှိတာကို စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် အထွက်နှုန်းထိခိုက်ခံရတဲ့ စိုက်ပျိုးဧရိယာ ၁၄၀၄ ဧကကျော်အတွက် နစ်နာကြေးတစ်ဧက တစ်သိန်းနှုန်းပေးဖို့၊ အဆိုပါဧရိယာတွေကို ဖြန့်ဖြူးထားတဲ့ မျိုးစေ့ဖိုးငွေကို တောင်သူတွေက ပေးချေပြီးပါက ပြန်လည်ထုတ်ပေးဖို့ ပေးချေရခြင်းမရှိသေးပါက တောင်သူကနေ ကုမ္ပဏီကို ပေးချေခြင်းမပြုတော့ဖို့ စိုက်ပျိုးရေးဦးစီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ညှိနှိုင်းချက်အရ တောင်သူတွေကို ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှာ ဒီပဲယင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအရှေ့မှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ လယ်ယာသွင်းအားစုများ တောင်သူတွေ မှန်ကန်စွာ၊ အရည်အသွေးပြည့်မီစွာနဲ့ သုံးစွဲသွားနိုင်ဖို့ ဥပဒေနှင့်အညီ ထိန်းကြောင်းဆောင်ရွက်တဲ့ နေရာမှာ မျိုးစေ့နဲ့ပတ်သက်ပြီး မျိုးစေ့ဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ(ဃ)မှာ ပြဋ္ဌာန်းထားတဲ့ မျိုးစေ့ထုပ်ပိုး ထားသော(သို့မဟုတ်)ထည့်သွင်းထားသော ပစ္စည်းပေါ်မှာ ကုန်အမှတ်တံဆိပ်၊ မျိုးစေ့အမည်၊ မျိုးစေ့အလေးအချိန်/ပမာဏ၊ မျိုးစေ့အရည်အသွေး၊ သုံးစွဲရန်အညွှန်းစာ၊ သက်တမ်းကုန်ဆုံးမည့်

ရက်စွဲ၊ လိုင်စင်အမှတ်နှင့်ရက်စွဲ၊ မျိုးစေ့အရည်အသွေးနှင့်စပ်လျဉ်းပြီး အာမခံကြောင်းဖော်ပြချက်၊ အမျိုးသားမျိုးစေ့ကော်မတီက အခါအားလျော်စွာ သတ်မှတ်တဲ့အခြားအချက်အလက်များ မှန်ကန်စွာ ထည့်သွင်းဖော်ပြရမယ်လို့ တိကျစွာပြဋ္ဌာန်းထားပါတယ်။ အဲဒီလို တိကျစွာပြဋ္ဌာန်းထားသော်လည်းပဲ ကုမ္ပဏီနဲ့ ယင်းပြဋ္ဌာန်းချက်ကို ချိုးဖောက်တဲ့အတွက် မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းက ကနဦး ဒဏ်ကြေးငွေ ကျပ် ၁၀ သိန်းပေးဆောင်စေပြီးတော့ နောင်အလားတူ ဖြစ်ရပ်မျိုးအပေါ်ပေါက်စေဖို့ အတွက် ပြင်းထန်စွာသတိပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှုအပိုင်းကို လည်း ဌာနရဲ့စစ်ဆေးမှုခံယူပြီးနောက်မှသာ ဆောင်ရွက်သွားနိုင်ဖို့အတွက် မျိုးစေ့ထုတ်လုပ်မှုအပိုင်း ကို ရပ်ဆိုင်းထားရန် ပြစ်ဒဏ်ပေးဆောင်ရွက်ထား ပါတယ်။

ဒါ့အတူ ဖြစ်စဉ်ပေါ်ပေါက်ပြီးနောက်ပိုင်းမှာ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကုမ္ပဏီရဲ့ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်တဲ့ စိုက်ကွင်းကို ကွင်းဆင်းစစ်ဆေးခြင်း(Field Inspection) ဆောင်ရွက်ခဲ့ပါတယ်။ စတင်စိုက်ပျိုးသည့်မှ ရိတ်သိမ်း၊ သန့်စင်၊ သိုလှောင်ဖြန့်ဖြူးမှု အဆင့်ဆင့်အထိ လိုအပ်ချက်တွေကို စစ်ဆေးပြုပြင်စေခဲ့ပါတယ်။ ဒါ့အပြင် ကြီးကြပ်မှုပိုင်းဆိုင်ရာ အားနည်းမှုအတွက် စစ်ဆေးနိုင်မယ့် ပညာရှင်တိုးချဲ့ခန့်ထားရေးကိစ္စကိုလည်းပဲ ညွှန်ကြားဆောင်ရွက်ခဲ့ပါတယ်။ ယင်း အချက်အပေါ်မှာ လိုက်နာဆောင်ရွက်ပြီး ထုတ်လုပ်ထွက်ရှိလာတဲ့မျိုးစေ့ကို ဌာနရဲ့မျိုးစေ့အရည် အသွေး စစ်ဆေးတဲ့ဓာတ်ခွဲခန်းမှာ စစ်ဆေးအတည်ပြုပြီးမှသာ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်စေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးမှာ မျိုးကောင်းမျိုးသန့်သုံးစွဲရေးဟာ အဓိကအရေးပါတဲ့ အနေအထားရှိပါတယ်။ သို့ဖြစ်တဲ့အတွက် မျိုးစေ့ထုတ်ကုမ္ပဏီများအနေနဲ့ အရည်အသွေးပြည့်မီတဲ့ မျိုးစေ့များထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီမှုရှိ/မရှိ စစ်ဆေးအတည်ပြုချက်ရရှိမှသာ ဖြန့်ဖြူးရောင်းချရေးကို မိမိတို့ဝန်ကြီး ဌာနအနေနဲ့ မျိုးစေ့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**သန္တိမြို့၊ မိုင်းယန်းရွာနှင့် လုံမောက်ကျေးရွာ ရေရရှိရေးအတွက် သဘာဝရေထွက်နေရာမှ ၎င်းကျေးရွာ များသို့ ရေသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း သွားမည့်မေးခွန်းကတော့ ကျေးရွာရေရရှိရေးအတွက် သဘာဝရေထွက်နေရာမှ ကျေးရွာများသို့ ရေသွယ်တန်းပေးရန်ကိစ္စနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သန္နီမြို့၊ မိုင်းယန်းရွာနှင့် လုံမောက်ကျေးရွာမှာ လူဦးရေ ၄၈၁ ဦးနှင့် အိမ်ခြေ ၁၃၂ အိမ်ရှိပြီး ဘုန်းတော်ကြီးကျောင်း၊ အခြေခံ ပညာမူလတန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ရှိပါတယ်။ ကျေးရွာရဲ့ သောက်သုံးရေ ခက်ခဲမှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဝီစိတွင်းတစ်တွင်းကို ရွာလယ်မှာ တူးပေးခဲ့ပါသော်လည်းပဲ စက်သုံးဆီအခက်အခဲကြောင့် နှစ်စဉ်မလည်ပတ်နိုင်ပါ။ ကျေးရွာမူလန်း ကျောင်းမှာ ရွာအဝင်မှာရှိပြီး ရွာနှင့်အလှမ်းဝေးပါတယ်။ ကျောင်းကကလေးတွေ သောက်သုံးရေဟာ အလွန်ခက်ခဲနေပါတယ်။ ရွာဘုန်းတော်ကြီးကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲအတွက်လည်းပဲ ခက်ခဲနေပါတယ်။ ထို့အတွက် ရွာသူရွာသားတွေဟာ တောင်အောက်မှာရှိနေတဲ့ ရေတွင်းနှစ်တွင်း ကနေ ခက်ခဲစွာသွားရောက်ပြီးတော့ ခပ်ယူသုံးစွဲနေရပါတယ်။ ရွာရဲ့အနောက်တောင်ဘက်မှာ ရေထွက်တစ်ခုရှိပါတယ်။ ရေထွက်နေရာကို မြို့မိမြို့ဖလူအချို့အတွေက သွားပြီးတော့မှ ကွင်းဆင်း ကြည့်မှုနေခဲ့ကြတာဟာ ရေသွယ်တန်းယူနိုင်ဖို့အတွက် အဆင်ပြေမည့်နေရာတစ်နေရာကို တွေ့ရှိ ကြောင်းသိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော် တို့ကျေးရွာမှာရှိနေတဲ့ မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းပုံဖြစ်ပါတယ်။ ဒါက ရေထွက် နေရာဖြစ်ပါတယ်။ ဒါကတော့ ကျေးရွာရပ်မိရပ်ဖများကနေပြီးတော့ ရေထွက်တဲ့နေရာကို သွားရောက် ပြီးတော့ ကြည့်ရှုခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်း များကနေ ကွင်းဆင်းကြည့်ရှုတဲ့ပုံပဲဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ သို့ဖြစ်ပါ၍ မေးမြန်း လိုသည်မှာ ကျေးရွာရေရရှိရေးအတွက် သဘာဝရေထွက်ကနေ မိုင်းယန်း၊ လုံမောက်ကျေးရွာကို ပိုက်များဖြင့် သွယ်တန်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရေသွယ်တန်းရန် ဖြစ်နိုင်ခြေရှိပါက ရေပိုက်သွယ်ယူရေးလုပ်ငန်းများ အရေးကြီးတဲ့ နေရာတွေမှာ ရေကန်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်ဆိုတာကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းအနေနဲ့ သိန္နီမြို့၊ မိုင်းယန်းကျေးရွာအုပ်စု၊ မိုင်းယန်းရွာနှင့် လုံမောက်ကျေးရွာ ရေရရှိရေးအတွက် သဘာဝရေထွက် နေရာကနေ မိုင်းယန်း၊ လုံမောက်ကျေးရွာသို့ ပိုက်များဖြင့်ရေသွယ်တန်းနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာန အနေနဲ့ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပေးဖို့၊ ရေသွယ်တန်းမှု ဖြစ်နိုင်ချေရှိမယ်ဆိုရင် ရေပိုက်သွယ်ယူရေးလုပ်ငန်းများ အရေးကြီးနေရာတွေမှာ ရေကန်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိရင် မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေး

မည်ကိုသိရှိလိုကြောင်း မေးမြန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သိန္နီမြို့နယ်၊ မိုင်းယန်းကျေးရွာအုပ်စု၊ မိုင်းယန်းကျေးရွာမှာ အိမ်ခြေ ၇၃ အိမ်၊ လူဦးရေ ၂၄၈ ဦးရှိပြီး လက်ရှိရေသုံးစွဲမှုအနေနဲ့ လွန်ခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့တဲ့ တွင်းနက်တစ်တွင်းကနေ ရေကိုအိမ်ခြေ အနည်းငယ်ကသာ ရယူသုံးစွဲနိုင်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ အချို့အိမ်တွေဟာ ကျေးရွာအနီး ချောင်းမှရေကို ရယူသုံးစွဲရတဲ့အခြေအနေရှိနေပါတယ်။ မိုင်းယန်းကျေးရွာအုပ်စု၊ လုံမောက်ကျေးရွာမှာ အိမ်ခြေ ၅၉ အိမ်၊ လူဦးရေ ၂၃၅ ဦးရှိပါတယ်။ လက်ရှိရေသုံးစွဲမှုအနေနဲ့ ကျေးရွာအနီး ချောင်းမှရေကိုပဲ ရယူသုံးစွဲရတဲ့အနေအထားပဲဖြစ်ပါတယ်။ အဆိုပါကျေးရွာနှစ်ရွာဟာ စိမ့်စမ်းရေထွက်က ရေရရှိရေးအတွက် သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးတင်ပြချက်အရ မိုင်းယန်းကျေးရွာနှင့် လုံမောက်ကျေးရွာဟာ တစ်မိုင်ခန့်ကွာဝေးပြီးတော့ မိုင်းယန်းကျေးရွာမှ လေးမိုင်အကွာမှာရှိတဲ့ နဂါးရေထွက်ဟာ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၂၀၀၀ ရှိပါတယ်။ ထိုရေထွက်မှရေရယူနိုင်မှာဖြစ် ကြောင်း တွေ့ရှိရပါတယ်။ မိုင်းယန်းကျေးရွာနှင့် လုံမောက်ကျေးရွာ ရေရရှိရေးအတွက် နှစ်လက်မ အချင်း ငါးမိုင်ပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တစ်ကန်၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တစ်ကန်နှင့် ရေတားတမံတစ်ခုတည်ဆောက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့ အတွက် အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကုန်ကျမယ့်ခန့်မှန်း ကုန်ကျငွေတွက်ချက်ရာမှာ ကျပ်သန်း ၄၀ ကုန်ကျမယ်ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဈေးကွက်အတွင်းရှိတောင်သူလယ်သမားများ၏ သွင်းအားစုများဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့နှင့် မြေဆီအမျိုးမျိုးတို့၏ အရည်အသွေးကို မည်သို့စစ်ဆေးခွင့်ပြုနေသည်ကို သိလိုခြင်းနှင့် ဈေးကွက်အတွင်းရှိ သံသယရှိသော သွင်းအားစုများကို စစ်ဆေးပေးစေလိုပါက မည်သို့ တာဝန်ယူဆောင်ရွက်ပေးသည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ တောင်သူလယ်သမားများ၏ သွင်းအားစုများရဲ့ အရည်အသွေးနဲ့ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**မူကြမ်း**

ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာလည်း တောင်သူလယ်သမားများဖြစ်ပြီး နိုင်ငံရဲ့အဓိကပြည်ပပို့ကုန်တွေဟာလည်း လယ်ယာထွက်ကုန်တွေပဲဖြစ်ပါတယ်။ ပို့ကုန်ကဏ္ဍကို မြှင့်တင်ဖို့အတွက်ဆိုလို့ရှိရင် လယ်ယာကဏ္ဍ ထွက်ကုန်တွေရဲ့ အရေအတွက်ကိုသာမက အရည်အသွေးပိုင်းကိုပါ မြှင့်တင်ရမှာဖြစ်ပါတယ်။ လယ်ယာထွက်ကုန်တွေရဲ့ အရည်အသွေးပိုင်းနဲ့ ထွက်နှုန်းတွေကို မြှင့်တင်ဖို့အတွက်ဆိုရင် တောင်သူ လယ်သမားတွေလိုအပ်နေတဲ့ သွင်းအားစုတွေကို မှန်ကန်တဲ့အရည်အသွေး၊ ဈေးနှုန်းနှင့် ဝယ်ယူရရှိ နိုင်ရေးကို အလေးပေးဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲ၊ ပြောင်း၊ နှမ်း အစရှိတဲ့ ယာသီးနှံ၊ ကိုင်းသီးနှံတွေ အဓိကစိုက်ပျိုးနေတဲ့ တောင်သူလယ်သမားအများစုမှာ ပဲမျိုးစုံဈေးကွက်ပျက်လို့ ယခင်ကထက် ဝင်ငွေလျော့နည်းလာတာ တွေ့ရပါတယ်။ သီးနှံအထွက်နှုန်း မကျဆင်းဖို့အတွက် ယခင်က မြင်တောင်မမြင်ဖူးတဲ့ Compound ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ မှိုသတ်ဆေးတွေကိုလည်း အသုံးပြုလာရပါတယ်။ မိမိတို့ရဲ့ ထွက်ကုန်တွေ ဈေးကျပြီးတော့ ဒီသွင်းအားစုတွေကတော့ နိုင်ငံခြားကတင်သွင်းတာဖြစ်လို့ ဒေါ်လာဈေးနဲ့အတူ တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းကြီးမြင့်နေတာကို တွေ့ရပါတယ်။ တောင်သူ လယ်သမားများဟာ ထုတ်လုပ်မှုစရိတ်မြင့်မားပြီး အများစုကတော့ နှစ်စဉ်အရှုံးပေါ်နေကြပါတယ်။ အဲဒီအတွက် တောင်သူအများစုဟာ မိမိတို့ရဲ့လယ်ယာလုပ်ငန်းခွင်မှာ မပျော်ရွှင်နိုင်တော့ပါဘူး။ အချို့တောင်သူလယ်သမားတွေဟာ မိမိတို့ရဲ့လယ်ယာတွေကိုပစ်ပြီး အိမ်နီးချင်းနိုင်ငံများကို တရားဝင် ရော၊ တရားမဝင်ပါထွက်ပြီး အလုပ်လုပ်နေကြရပါတယ်။ နိုင်ငံအတွက်လည်း များစွာထိခိုက်နစ်နာ သလို နိုင်ငံရပ်ခြားထွက်ပြီးတော့ အလုပ်လုပ်နေတဲ့ တောင်သူတွေရဲ့ဘဝဟာလည်း ရင်မောစရာ ကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့တောင်သူလယ်သမားများလိုအပ်နေတဲ့ မျိုးကောင်းမျိုးသန့်တွေ အများစုကို လေ့လာကြည့်ရင် မီးဖိုချောင်သုံးသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ အာလူး၊ မုန်လာမျိုးစေ့ကနေ စပြီးတော့ တရုတ်နိုင်ငံကို နှစ်စဉ် တန်ချိန်သိန်းနှင့်ချီပြီး တင်ပို့နေတဲ့ ဖရဲ၊ သခွားမျိုးစေ့တွေအစုံ အိမ်နီးချင်းနိုင်ငံများမှ တရားမဝင် ဝင်ရောက်နေတာတွေကို ဝယ်ယူစိုက်ပျိုးနေရပါတယ်။ ဘာကြောင့် ဒီလို တရားမဝင်တွေကို ဝယ်ယူစိုက်ပျိုးနေရသလဲဆိုရင် တရားဝင်မှတ်ပုံတင်ပြီး ခွင့်ပြုထားတဲ့ မျိုးစေ့ တွေကို ဈေးကွက်မှာ ဝယ်ယူလို့မရနိုင်တဲ့အတွက် ဖြစ်ပါတယ်။ အခြားသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေမှာလည်း အလားတူပြဿနာမျိုး ကြုံတွေ့နေရပါတယ်။ ဒီတရားမဝင်တွေရဲ့ဆိုးကျိုးတွေကတော့ ဒီမျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေကနေ ပေါ်ပေါက်လာတဲ့ ပြဿနာတစ်စုံတစ်ရာအတွက် မျိုးစေ့ဥပဒေအရဖြစ်စေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ ဖြစ်စေ တောင်သူလယ်သမားတွေကို အကာအကွယ်ပေးလို့မရနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဝင်ခွင့်ပြုထားတဲ့ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ဓာတ်မြေဩဇာတွေမှာ လည်း ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် အတုအပတွေများလာပါတယ်။ ရှေ့မှာ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းခဲ့သလိုပဲ ဒီမျိုးစေ့တွေရဲ့ စိစစ်ကြပ်မတ်မှုအားနည်းမှု ကြောင့် တောင်သူတွေမှာ ဒီကနေ့ များစွာဒုက္ခကြုံနေရပါတယ်။ အချို့သောထုတ်လုပ်ဖြန့်ဖြူးသူတွေက

အရည်အသွေး၊ စံချိန်စံညွှန်းမမီတဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ၊ မှိုသတ်ဆေးတွေကို ဆင်းရဲပြီး အသိပညာနည်းပါးတဲ့ တောင်သူလယ်သမားတွေကိုရည်ရွယ်ပြီး ကြော်ငြာအားကောင်းကောင်းနဲ့ အကြွေးစနစ်နဲ့ဖြစ်စေ၊ ဈေးနှုန်းလျှော့၍ဖြစ်စေ ဖြန့်ဖြူးနေတာကို တွေ့နေရပါတယ်။ ဒီသွင်းအားစုတွေရဲ့ စံချိန်စံညွှန်းမမီမှု၊ ဒီဟာတွေရဲ့ဆိုးကျိုးတွေကိုတော့ ဘာဖြစ်လာမယ်ဆိုတာ တောင်သူလယ်သမားတွေ မသိနိုင်ကြပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ပေးရေးဥပဒေ အခန်း(၅)ပုဒ်မ ၁၈ မှာ ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းသုံး အခြားဓာတုဆေးတစ်မျိုးမျိုး၏ အာမခံစနစ် စံချိန်စံညွှန်းချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်း၊ လယ်ယာကုန်ထုတ်အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ဖြစ်ပေါ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းများကို တောင်သူလယ်သမားများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ဈေးကွက်အတွင်းမှာရှိနေတဲ့ တောင်သူလယ်သမားများ၏သွင်းအားစုများဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့နှင့် မြေဆီအမျိုးမျိုးတို့ရဲ့ အရည်အသွေးကို မည်သို့စစ်ဆေး ခွင့်ပြုနေပါသနည်း။ တောင်သူလယ်သမားများမှ ဈေးကွက်အတွင်းရှိ သံသယရှိသော သွင်းအားစုများကို စစ်ဆေးပေးစေလိုပါက မည်သို့တာဝန်ယူဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်းရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ လယ်ယာစိုက်ပျိုးတဲ့လုပ်ငန်းမှာ တောင်သူလယ်သမားတွေဟာ အဓိကကျတဲ့ သွင်းအားစုဖြစ်တဲ့ မျိုး၊ ပိုးသတ်ဆေး၊ မြေဩဇာများ အရည်အသွေးပြည့်မီစွာနဲ့ သုံးစွဲဆောင်ရွက်သွားနိုင်ဖို့အတွက် ထိန်းကျောင်းအကောင်အထည်ဖော်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ မေးမြန်းတဲ့ မေးခွန်းအပေါ်မှာလည်းပဲ ဝန်ကြီးဌာနအနေနဲ့ များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ အသုံးပြုကြတဲ့ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေး စတဲ့သွင်းအားစုများနှင့်ပတ်သက်ပြီး စစ်ဆေးခွင့်ပြုမှုလုပ်ငန်းစဉ်ကို ဦးစွာရှင်းလင်းတင်ပြပါမယ်။ သီးနှံမျိုးစေ့နှင့်စပ်လျဉ်းပြီး မျိုးစေ့လုပ်ငန်းလုပ်ကိုင်လိုတဲ့ လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်း၊ ကုမ္ပဏီလုပ်ငန်းရှင်တွေဟာ ဆောင်ရွက်လိုတဲ့ သီးနှံအတွက် မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အသိအမှတ်

ပြုလက်မှတ်ရရှိပြီးတာနဲ့ မျိုးကိုသာ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဆက်လက်လျှောက်ထား ရယူနိုင်မှာ ဖြစ်ပါတယ်။ မျိုးသစ်အသိအမှတ်ပြုလက်မှတ်နှင့် မျိုးစေ့လုပ်ငန်းလိုင်စင်ရရှိပြီးသော မျိုးတွေကိုသာ မျိုးစေ့ဥပဒေနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက် ခွင့်ရရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူ သွင်းအားစုတစ်မျိုးဖြစ်တဲ့ မြေသြဇာလည်းပဲ ပြည်ပမှတင်သွင်း ပြီး လုပ်ကိုင်လိုတဲ့ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်တွေဟာ မြေသြဇာမှတ်ပုံတင်လက်မှတ်ရရှိဖို့ အတွက် မြေသြဇာကော်မတီကိုလိပ်မူပြီး လျှောက်ထားရပါတယ်။ မြေသြဇာတင်သွင်းဖို့အတွက် မှတ်ပုံတင်လျှောက်ထားမယ့် မြေသြဇာအမည်နဲ့ မြေသြဇာကော်မတီကနေခွင့်ပြုထားတဲ့ အာဟာရ ဓာတ်အချိုးအစား၊ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိ/မရှိ၊ အိတ်ခွံမှာပါဝင်ရမယ့် အချက်အလက်များ ပြည့်စုံမှုရှိ/မရှိ၊ အချက်အလက်များ ပြည့်စုံပါက ပါဝင်တဲ့အာဟာရဓာတ်အချိုးအစားကို ဓာတ်ခွဲခန်းမှာ ဓာတ်ခွဲစစ်ဆေးခြင်းဆောင်ရွက်ရပါတယ်။ ဓာတ်ခွဲစစ်ဆေးမှုအရ အရည်အသွေးပြည့်မီမှသာ မြေသြဇာ ကော်မတီကို မှတ်ပုံတင်လျှောက်ထားရယူနိုင်မှာဖြစ်ပါတယ်။ မြေသြဇာဆိုင်ရာနည်းပညာကော်မတီရဲ့ စိစစ်ထောက်ခံမှုနဲ့ မြေသြဇာကော်မတီမှ ခွင့်ပြုချက်ပေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်လျှောက်ထားဆောင်ရွက်ရပါမယ်။ သွင်းကုန်လိုင်စင်အရ မြေသြဇာ တင်သွင်းခွင့်ထောက်ခံချက်ကို ခွင့်ပြုသက်တမ်း ၆ လဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ် ပါတယ်။ အလားတူ ပြည်တွင်းမှာ မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းအတွက်ကိုလည်း လိုင်စင်ခွင့်ပြုမှုရရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနကို သတ်မှတ်ပြဋ္ဌာန်းထားတဲ့ တင်ပြရမယ့်အချက်များနှင့်အတူ လျှောက်ထားရပါတယ်။ ခွင့်ပြုမယ်ဆိုရင် မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်အတွက် လိုင်စင်ခွန်ပေးသွင်းပြီးမှ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးရုံးတွေကနေ လိုင်စင်ထုတ်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုးသတ်ဆေးများအား ပြည်ပမှတင်သွင်းနိုင်ရေးအတွက် ဦးစွာ ပိုးသတ်ဆေး မှတ်ပုံတင်ဖို့ မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ပုံစံနဲ့ အရည်အသွေးစစ်ဆေးဖို့ နမူနာတွဲပြီး လျှောက်ထား ရပါတယ်။ မှတ်ပုံတင်အဖွဲ့ကနေ နည်းပညာအချက်အလက်များ စိစစ်ခြင်းနှင့် အရည်အသွေး မှန်/မမှန် ဓာတ်ခွဲစစ်ဆေးခြင်းများကို စနစ်တကျစိစစ်ဆောင်ရွက်ပြီးမှ မှတ်ပုံတင်ခွင့်ပြုပါတယ်။ တင်သွင်းခွင့်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သွင်းကုန်လိုင်စင်ခွင့်ပြုချက် ရဖို့ ဆက်လက်ဆောင်ရွက်ရပြီး ပြည်တွင်းဈေးကွက်ကို မြန်မာစာအညွှန်းပါတဲ့ ပိုးသတ်ဆေးများ တင်သွင်းရောင်းချခွင့်ပြုလျက်ရှိပါတယ်။ ပိုးသတ်ဆေးမှတ်ပုံတင်ရရှိပြီးတဲ့နောက် စိုက်ပျိုးရေးဦးစီး ဌာနမှ တင်သွင်းခွင့်ထောက်ခံချက်နဲ့ ပြည်ပမှတင်သွင်းလာတဲ့ ပိုးသတ်ဆေးတွေကို မှတ်ပုံတင် လျှောက်ထားစဉ်ကတင်ပြတဲ့ ပါဝင်မှုရာခိုင်နှုန်း၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိ/မရှိစိစစ်ပြီး အရည်အသွေးထိန်းချုပ်ဖို့ ပြည်ပမှတင်သွင်းလာတဲ့အချိန်မှာ နမူနာရယူစစ်ဆေးပြီး ကိုက်ညီမှသာ ဆိပ်ကမ်းက ထုတ်ယူတင်သွင်းခွင့်ပြုပြီး ဈေးကွက်မှာ ရောင်းချနိုင်မှာဖြစ်ပါတယ်။ အဓိကထား စီမံ ဆောင်ရွက်ရတဲ့အချက်တစ်ချက်ကတော့ စစ်ဆေးမှတ်ပုံတင်ပြီး မျိုးစေ့၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ များနှင့်စပ်လျဉ်းပြီး ဝယ်ယူသုံးစွဲသူများ လွယ်ကူနားလည်စွာ သိမြင်နိုင်ဖို့ အညွှန်းစာသားများနဲ့ ပါဝင်

ရမယ့်အချက်တွေကို မြန်မာဘာသာနဲ့ ရှင်းလင်းပြတ်သားစွာဖော်ပြဖို့ အသိပေးနှိုးဆော် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအနေနဲ့ ဈေးကွက်အတွင်း သံသယရှိတဲ့ သွင်းအားစုတွေကို အရည်အသွေးပြည့်မီမှုရှိ/မရှိ စစ်ဆေးပေးစေလိုလျှင် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ စစ်ဆေးရေးအဖွဲ့များနှင့်အတူ သတ်မှတ်ထားတဲ့ပုံစံ၊ နည်းလမ်းအတိုင်း ပစ္စည်းနမူနာရယူပြီး ခတ်ခွဲခန်းကို ပေးပို့စစ်ဆေးနိုင်ပါတယ်။ စစ်ဆေးရရှိတဲ့အဖြေဟာ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိရင် သက်ဆိုင်ရာကော်မတီကိုတင်ပြပြီး အရေးယူမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်အဆင့်မှာ သက်ဆိုင်ရာဒေသတာဝန်ခံတွေ၊ မြို့နယ်များမှာ မြို့နယ်ဦးစီးမှူးတို့ပါဝင်တဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးများက တာဝန်ပေးအပ်ထားတဲ့ဝန်ထမ်းနှစ်ဦးကို အဖွဲ့ဝင်အဖြစ်ထည့်သွင်းပြီး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှာ ၁၇ ဖွဲ့၊ ခရိုင်အဆင့်မှာ ၆၇ ဖွဲ့၊ မြို့နယ်အဆင့်မှာ ၂၉၁ ဖွဲ့ စုစုပေါင်း စစ်ဆေးရေးအဖွဲ့ ၃၇၅ ဖွဲ့ ဖွဲ့စည်းထားရှိ တင်ပြအပ်ပါတယ်။ ဒီအဖွဲ့တွေဟာ မျိုးစေ့ဥပဒေ၊ မြေသြဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေတွေနဲ့အညီ မိမိတို့ဒေသနယ်မြေအတွင်းမှာ စစ်ဆေးပြီး သံသယဖြစ်ဖွယ်တွေ့ရှိမယ်ဆိုရင် သက်ဆိုင်ရာမျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၊ မြေသြဇာကော်မတီ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို အမြန်ဆုံးတင်ပြပြီး အဆိုပါကော်မတီတွေရဲ့ ညွှန်ကြားချက်များအတိုင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ တာဝန်ပေးထားတဲ့ စစ်ဆေးရေးအဖွဲ့တွေဟာ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူများ သွင်းအားစုများသုံးစွဲရာမှာ မှတ်ပုံတင်ထားတဲ့ သွင်းအားစုများကိုသာ အသုံးပြုဖို့နဲ့ သွင်းအားစုများသုံးစွဲရန်လိုအပ်တဲ့အချိန်၊ မှန်ကန်ထိရောက်တဲ့နှုန်းထား၊ သင့်တော်တဲ့နည်းလမ်းများနဲ့ အသုံးပြုစေရေးတို့ကို နားလည်သဘောပေါက်စေဖို့အတွက်လည်း သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ အစရှိတဲ့ အသိပညာပေးလုပ်ငန်းတွေကိုလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မျိုးစေ့ထုတ်ပိုးပစ္စည်းတွေကို စနစ်တကျမှတ်တမ်းတင်သိမ်းဆည်းထားဖို့နဲ့ မျိုးစေ့ကြောင့် ထိခိုက်နစ်နာမှု တစ်စုံတစ်ရာရှိလို့ရှိရင် အရေးဆိုပိုင်ခွင့်ရှိကြောင်းကိုလည်းပဲ ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေးအရောင်းဆိုင်ပိုင်ရှင်များကိုလည်း စနစ်တကျ အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ဖို့ နည်းပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့နည်းတူ ဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေး ပညာပေးနည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်းများနဲ့ ထိန်းကျောင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီး။ တစ်ဆက်တစ်စပ်တည်း မေးခွန်းလေး မေးခွင့်ပြုပါ။ အခုလို ဝန်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်။ တောင်သူလယ်သမားများကိုယ်စားလည်း ဝမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခု ဝန်ကြီးက ဒီပိုးသတ်ဆေးတွေ၊ မှိုသတ်ဆေးတွေ၊ မျိုးစေ့တွေအားလုံး ခွင့်ပြုမယ့်

စာရင်းတွေကို တိုင်းဒေသကြီး/ပြည်နယ်ရုံးတွေအားလုံးကို ပို့ထားပါတယ်လို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေဖြင့် ဒီ ဆေးဝါးတွေပဲဖြစ်စေ၊ မြေဆီတွေပဲဖြစ်စေ၊ မျိုးစေ့တွေပဲဖြစ်စေ ဝန်ကြီးဌာနက တရားဝင်ခွင့်ပြုထားတဲ့စာရင်းကို အများပြည်သူသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် စာရင်းကို ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိလည်း တစ်ဆက်တစ်စပ်တည်း သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးသိလိုတဲ့ မျိုးစေ့ပိုင်းဆိုင်ရာ၊ မြေသြဇာပိုင်းဆိုင်ရာ၊ ပိုးသတ်ဆေးဆိုင်ရာ ကျွန်တော်တို့ခွင့်ပြုထားတဲ့ သူ့ရဲ့အမျိုးအစားအလိုက် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှာ ကျွန်တော်တို့က စာရင်းပေးပို့ထားမှုရှိပါတယ်။ အဲဒီရုံး၊ ဌာနများမှာ ကျွန်တော်တို့ ကြည့်ရှုဆောင်ရွက်နိုင်တဲ့အနေအထားမျိုးရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ စစ်ဆေးတွေ့ရှိချက်အရ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်တဲ့အလျောက် အရေးယူအပြစ်ပေးမှုကိုလည်းပဲ မိမိတို့ သတင်းစာများကနေပြီးတော့ အခါအားလျော်စွာ ကြေညာပေးလျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေစီမံခန့်ခွဲရေးအဆင့်ဆင့်စစ်ဆေးလျက်ရှိသော အငြင်းပွားမှု စစ်ဆေးသောအမှုတွဲကို သက်ဆိုင်သူများ ကူးယူခွင့်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ရှေ့ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ လယ်ယာမြေစီမံခန့်ခွဲရေးအဆင့်ဆင့်မှာ စစ်ဆေးလျက်ရှိတဲ့ လယ်ယာမြေအမှုတွဲများကို စစ်ဆေးတဲ့အမှုတွဲများကို သက်ဆိုင်သူများက ကူးယူခွင့်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ လူ ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်ပါတယ်။ ဒီတောင်သူလယ်သမားတွေက ယနေ့ကြုံတွေ့နေရတာက လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် လယ်ယာမြေအငြင်းပွားမှုပြဿနာတွေပဲ ဖြစ်ပါတယ်။ တကယ်လို့ လယ်ယာမြေအငြင်းပွားမှုဖြစ်တယ်ဆိုရင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှာ မူလလယ်ယာမြေမှုခင်းဖွင့်လှစ်ရပါတယ်။ ဒီအဖွဲ့က မြေပြင်ကို ကွင်းဆင်းပြီးတော့ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ တကယ်လို့ မူလရုံးရဲ့ဆုံးဖြတ်ချက်ကို မကျေနပ်လို့ရှိရင် မြို့နယ်

လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို သတ်မှတ်ကာလမှာ အယူခံဝင်နိုင်ပါတယ်။ တကယ်လို့ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ဆုံးဖြတ်ချက်ကို မကျေနပ်ဘူးဆိုရင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့ကို သတ်မှတ်ကာလမှာ အယူခံဝင်နိုင်ပါတယ်။ တကယ်လို့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ဘူးဆိုလို့ရှိရင် သတ်မှတ်ကာလအတွင်းမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို နစ်နာသူက အယူခံဝင်နိုင်တယ်ဆိုတဲ့အကြောင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာ ဒီအတိုင်းပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအမှုများက အယူခံဝင်လိုသူ နစ်နာသူအနေနဲ့ အမှုတွဲကို ကူးယူနိုင်ပါမှ မိမိအမှုရဲ့စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းရဲ့အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်မှာဖြစ်ပြီးတော့ မိမိရဲ့အယူခံလျှောက်လွှာမှာ ပြည့်ပြည့်စုံစုံတင်ပြနိုင်မှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေအငြင်းပွားတဲ့ မှုခင်းများမှာ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းတို့ကို ဆောင်ရွက်ရတဲ့အတွက် ဒီဆောင်ရွက်ချက်များ ဟာ Co-sign Judicial တရားစီရင်ရေးသဘောဆောင်တဲ့ ဆောင်ရွက်ချက်များဖြစ်ပါတယ်။ လယ်ယာမြေအငြင်းပွားမှု မှုခင်းများက တရားစီရင်ရေးသဘောဆောင်တဲ့ဆောင်ရွက်ချက်များ ဖြစ်တဲ့ အတွက် အမှုစစ်ဆေးကြားနာခြင်းနှင့်ပတ်သက်တဲ့ စာရွက်စာတမ်းများဟာလည်း သက်သေခံဥပဒေ ပုဒ်မ ၇၄ အရ အများပြည်သူနှင့်သက်ဆိုင်တဲ့ စာရွက်စာတမ်းအမျိုးအစားမှာ ပါဝင်ပါတယ်။ ဒါကြောင့် မို့လို့ နစ်နာသူများဟာ အမှုတွဲရဲ့တစ်စိတ်တစ်ဒေသ ဒါမှမဟုတ်လည်း အမှုတွဲတစ်ခုလုံးကို ကူးယူခွင့် ပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ လယ်ယာမြေစီမံခန့်ခွဲရေး အဆင့်ဆင့် စစ်ဆေးလျက်ရှိသော လယ်ယာမြေအငြင်းပွားမှု အမှုတွဲများကို သက်ဆိုင်သူများက ကူးယူ ခွင့်ရှိ/မရှိနှင့် ကူးယူခွင့်မရှိပါက မည်သည့်အတွက်ကြောင့် ကူးယူခွင့်မရှိကြောင်းကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော့သောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ရဲ့ လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်မှာ စစ်ဆေးလျက်ရှိတဲ့ လယ်ယာမြေအငြင်းပွားမှုခင်းများကို စစ်ဆေးတဲ့အမှုတွဲ သက်ဆိုင်သူများ ကူးယူခွင့်ရှိ/မရှိနှင့် ကူးယူခွင့်မရှိပါက မည်သည့်အတွက် ကူးယူခွင့်မရှိကြောင်း သိရှိ လိုခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းထားပါတယ်။ ယင်းမေးခွန်းနှင့်စပ်လျဉ်းပြီး မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာအရေးဟာ လက်ရှိအနေအထားမှာ အင်မတန်ရှုပ်ထွေးပါတယ်။ ဒီမြေယာအငြင်းပွားမှုများဟာ မိသားစုတစ်စုတည်း၊ မိဘနှင့်သားသမီး၊ သမီးနှင့်အမေ၊ ယောက္ခမနှင့် သမက် အင်မတန်ရှုပ်ထွေးပွေလီပြီးတော့ အငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်ရတာဟာ အဆင့်ဆင့်

မိမိတို့မှာ စီမံခန့်ခွဲမှုနည်းလမ်းအရ၊ ဥပဒေကြောင်းအရ ဆောင်ရွက်ရတဲ့အနေအထားတွေ အများကြီး ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၅ နှင့် ၁၆ တို့မှာ ဖွဲ့စည်းထားတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ဟာ အခန်း(၈) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံဝင်ခြင်းကိစ္စတွေကို ပုဒ်မ ၂၂ မှ ၂၅ အထိ ပြဋ္ဌာန်းချက်အတိုင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဖြေရှင်းဆောင်ရွက်ရာမှာ မြေယာအငြင်းပွားသူ တောင်သူလယ်သမားများအနေနဲ့ ရှေ့နေငှားရမ်းဖို့မလိုဘဲ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်မှာ ထွက်ဆိုချက်ပေးခြင်း၊ တစ်နည်းအားဖြင့် ခုံသမာဓိလူကြီးများရှေ့မှောက်မှာ စစ်ဆေး ခြင်းနှင့် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း၊ ကြားနာ ခြင်း၊ စိစစ်သုံးသပ်ခြင်းများဆောင်ရွက်ပြီး ဆုံးဖြတ်ချက်များကို ကာယကံရှင်သို့ ထုတ်ပြန်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အခြေခံအကျဆုံး ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိရင် လယ်ယာမြေဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အထိ အဆင့်ဆင့်အယူခံ ဝင်ရောက်နိုင်ခွင့်ရှိပါတယ်။ အဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက အယူခံကြားနာမှုမှာ မူလရပ်ကွက်/ကျေးရွာအုပ်စုအဆင့် စတင်စစ်ဆေးခဲ့တဲ့အမှုတွဲတွေကို တောင်းခံပြီး အခြေခံစတင် သုံးသပ်ကြားနာခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၂၅ အရ ပြီးပြတ်တဲ့ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုရုံးများမှာ နောက်ဆုံးအယူခံကြားနာပြီး အမှုတွဲ တစ်ခုလုံးကို အမှုတွဲခန်းမှာ စနစ်တကျထိန်းသိမ်းရတဲ့ ဝတ္တရားရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့မေးခွန်းမှာ လယ်ယာမြေအငြင်းပွားမှု မှုခင်းတွေဟာ တရားစီရင်ရေးသဘော ဆောင်တဲ့ ဆောင်ရွက်ချက်များဖြစ်တဲ့အတွက် စစ်ဆေးခြင်း၊ ကြားနာခြင်းနှင့်ပတ်သက်တဲ့ စာရွက်စာတမ်းများ ဟာ သက်သေခံဥပဒေပုဒ်မ ၇၄ အရ အများပြည်သူဆိုင်ရာ စာရွက်စာတမ်း အမျိုးအစားမှာပါဝင်၍ အမှုနှင့်သက်ဆိုင်သူများ ကူးယူခွင့်ရှိတယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ သက်သေခံဥပဒေပုဒ်မ ၇၄ မှာ (က) နိုင်ငံတော်အချုပ်အခြာအာဏာပိုင်၊ (ခ) ဥပဒေအရ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းများနှင့်ခုံရုံးများအပြင်၊ (ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခု၏ ဥပဒေပြုဆိုင်ရာ တရားစီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြည်သူ့ ဝန်ထမ်းများတို့၏ ဆောင်ရွက်ချက်ဖြစ်သော သို့မဟုတ် ဆောင်ရွက်ချက်မှတ်တမ်းဖြစ်သော စာတမ်း အမှတ်အသား သို့မဟုတ် ဥပဒေများ၏မှတ်တမ်းများကို အများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်း အမှတ်အသားများလို့ ပြဋ္ဌာန်းထားပါတယ်။ သက်သေခံဥပဒေပုဒ်မ ၇၆ မှာ မည်သူမဆိုစစ်ဆေး ကြည့်ရှုနိုင်ခွင့်ရှိသော အများပြည်သူတို့နှင့် သက်ဆိုင်သည့်စာတမ်းအမှတ်အသားကို ထိန်းသိမ်းရသော ပြည်သူ့ဝန်ထမ်းအသီးသီးသည် ထိုသို့စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိသူက ကျသင့်သည့် တရားဝင် သတ်မှတ်ကြေး အခကြေးငွေကိုပေးဆောင်၍ ထိုစာတမ်းအမှတ်အသားကို တောင်းဆိုသည့်အခါ ထိုသူအား ယင်းမိတ္တူကို ထုတ်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၇၆ ပါ စစ်ဆေးကြည့်ရှုခွင့်ရှိသူ ကို ပုဒ်မ ၇၇ မှာ အများပြည်သူဆိုင်ရာ စာတမ်းအမှတ်အသားတစ်ခုခုကို ပြည်သူတစ်ဦးအနေနဲ့

စစ်ဆေးကြည့်ရှုခွင့်ရှိ/မရှိဆိုသောပြဿနာကို စဉ်းစားတဲ့အခါမှာ ထိုသူဟာ ယင်းစာတမ်းအမှတ်အသားနှင့် မည်ကဲ့သို့သက်ဆိုင်တယ်။ ယင်းရဲ့အကျိုးကို ကာကွယ်ရန်အလို့ငှာ တရားဝင်မိတ္တူကူးရန်လို/မလိုဆိုတဲ့အချက်ပေါ်မှာ မူတည်ပါတယ်။ ယင်းကိုလည်း ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် သက်သေခံဥပဒေပုဒ်မ ၁ မှာ ဤဥပဒေဟာ တရားရုံးတစ်ခုခု၌စစ်ဆေးစီရင်သော မှုခင်းအားလုံးနှင့်ဖြစ်စေ၊ ဥပဒေနှင့် တပ်မတော်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သမျှ စစ်တရားရုံးတစ်ခုခု၌ဆိုင်စေခြင်း၊ စစ်ဆေးစီရင်သော မှုခင်းအားလုံးနှင့်ဖြစ်စေ သက်ဆိုင်စေရမည်။ သို့ရာတွင် ဤဥပဒေသည် တရားရုံးတစ်ခုခု သို့မဟုတ် အရာရှိတစ်ဦးဦးထံတွင် တင်သွင်းသောကျမ်းကျိန်လွှာများ၊ ခုံသမာဓိလူကြီးများရှေ့မှောက်တွင် စစ်ဆေးသော မှုခင်းများနှင့်မသက်ဆိုင်စေရဟု ပြဋ္ဌာန်းထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေအငြင်းပွားမှုတွေဟာ တရားစီရင်ရေးသဘောဆောင်တဲ့အမှုအခင်းမျိုးမဟုတ်ဘဲ လယ်ယာမြေနှင့်ပတ်သက်တဲ့ အငြင်းပွားမှုတွေအပေါ် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ကြားနာခြင်း၊ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း၊ စိစစ်သုံးသပ်ခြင်းများ ဆောင်ရွက်ပြီး ခုံသမာဓိအဖြစ် ဖြေရှင်းဆောင်ရွက်ပေးရတဲ့ကိစ္စများ ဖြစ်ပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်က ခုံသမာဓိအဖြစ် စစ်ဆေးကြားနာမှုများဟာ သက်သေခံဥပဒေနှင့်စပ်လျဉ်းမှုမရှိကြောင်း ပြဋ္ဌာန်းချက်အရလည်းကောင်း၊ သက်သေထွက်ဆိုချက်များအပေါ် အကာအကွယ်ပြုနိုင်ရန်အတွက်လည်းကောင်း လယ်ယာမြေအငြင်းပွားမှုဆိုင်ရာ အမှုတွဲများကို မိတ္တူကူးယူခွင့်မပြုခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၄/၂၀၁၈) မှာလည်းပဲ အမှုတွဲကူးယူခွင့်နှင့်ပတ်သက်ပြီး ထည့်သွင်းဆွေးနွေးခဲ့ရာမှာ အထက်ပါအကြောင်းအချင်းအရာများကို ထောက်ရှုပြီး ရေးကူးမပေးသင့်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ သို့ရာတွင် လယ်ယာမြေဥပဒေပုဒ်မ ၂၅ အရ အပြီးပြတ်ဖြစ်သော တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များရဲ့ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်တင်သွင်းလျှောက်ထားနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စာချွန်တော်ဆင့်ခေါ်မှုများ ပြုလုပ်မယ်ဆိုရင် အဆိုပါထိန်းသိမ်းထားတဲ့အမှုတွဲကိုပေးပို့ပြီး သက်ဆိုင်ရာတရားရေးအဖွဲ့ရဲ့အဆုံးအဖြတ်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ကော့သောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး လယ်ယာမြေအငြင်းပွားမှုဆိုင်ရာအမှုတွဲများကို မိတ္တူကူးယူခွင့်မပေးပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များရဲ့အပြီးပြတ်ဖြစ်တဲ့ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်တင်သွင်းလျှောက်ထားနိုင်ပါကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စာချွန်တော်ဆင့်ခေါ်မှုများပြုလုပ်ပါက အဆိုပါမှတ်ကျောက်တင်ထိန်းသိမ်းထားတဲ့အမှုတွဲကို ပေးပို့ပြီး သက်ဆိုင်ရာတရားရေး အဖွဲ့ရဲ့အဆုံး

အဖြတ်ပြုနိုင်ရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေချိုအင်းများ၏ အင်းနယ်နိမိတ် သတ်မှတ်ချက်မြေပုံများကို တိကျမှန်ကန်စွာ ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဦးစိုးအောင်နိုင်(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ မေးမြန်းသွားမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရေချိုအင်းများ၏ အင်းနယ်နိမိတ်သတ်မှတ်ချက်မြေပုံများကို တိကျမှန်ကန်စွာဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းကတော့ ကျွန်တော်တို့ရဲ့ ဧရာဝတီတိုင်းဒေသကြီးဟာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်တာနှင့်အညီ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အလွန်ပေါများတဲ့ ဒေသဖြစ်ပါတယ်။ ဒါကြောင့် ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူများ ပေါများသလို တစ်ဖက်မှာလည်း စိုက်ပျိုးရေးကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုသူနှင့် ရေပေါ်ရေလျှံရှာဖွေစားသောက်သူများလည်း အင်မတန်မှ ပေါများလာပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ အင်းတင်ဒါချက်ပေါင်း ၂၀၄၂ ခုရှိတဲ့အနက် အင်းလုံးပေါင်းမှာ ၁၇၇၇ အင်းရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကျုံပျော်မြို့နယ်မှာတင် အင်းပေါင်း ၃၀ ရှိပါတယ်။ အဲဒီအထဲကမှ ကျုံပျော်မြို့နယ်က အင်းရဲကြီးအင်းနဲ့ ဟင်္သာတမြို့နယ်က ဒူးယားအင်းတို့ဟာ ဧရာဝတီတိုင်းဒေသကြီးမှာ အကြီးဆုံးအင်းများဖြစ်ကြပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းကအင်းများဟာ ငါးသယံဇာတအလွန်ပေါတဲ့အင်းများဖြစ်ကြပြီး တိုင်းဒေသကြီးဝင်ငွေကိုလည်း များစွာအထောက်အကူရရှိစေပါတယ်။ ရေပေါ်ရေလျှံရှာဖွေစားသောက်သူများအတွက်လည်း မိသားစုစားဝတ်နေရေးကို များစွာအထောက်အကူရရှိစေပါတယ်။ အဆိုပါအင်းများဟာ အင်္ဂလိပ်အစိုးရလက်ထက်က အင်းမြေပုံများ အတိအကျရှိခဲ့သော်လည်း ယခုအခါမှာ ချောင်း၊ မြောင်းများ ရေကြောင်းပြောင်းလဲလာမှု၊ စိုက်ပျိုးရေးအတွက် ဘက်ဟိုးများနှင့် တူးမြောင်းများတူးဖော်မှုနဲ့ ရေလုပ်သားကြီး ခေါ် အင်းသားကြီးများနဲ့ စပါးစိုက်တောင်သူများနဲ့ နယ်မြေချဲ့ထွင်လာမှုများကြောင့် အင်းမြေပုံများ အတိအကျမရှိတော့ပါ။ ရေလုပ်သားကြီး ခေါ် အင်းသားကြီးများမှာလည်း မရှိသလောက် အင်းပိုင်မြေအဖြစ် သတ်မှတ်မှုများကြောင့် စပါးစိုက်တောင်သူများနဲ့ နှစ်စဉ် ပိုင်နက်အငြင်းပွားမှုများ ရှိနေပါတယ်။ တောင်သူများဘက်မှလည်း မိမိပိုင် လယ်မြေအတွင်းက ငါးကိုပင် ရှာဖွေစားသောက်ခွင့်မရကြသလို ရေပေါ်ရေလျှံရှာဖွေစားသောက်သူများအတွက်လည်း ရှာဖွေစားသောက်စရာ ပုံစားခွက်များပျောက်ခဲ့ကြရပါတယ်။ ယခုအခါမှာတော့ လယ်ယာမြေ အင်းနယ်နိမိတ်နဲ့ ရေချိုငါးလုပ်ငန်း ရေပြင်ဟာလည်း မကွဲပြားတော့ပါဘူး။ ဒါ့အပြင် ခေတ်အဆက်ဆက်က ရှာဖွေစားသောက်လာကြတဲ့ ဘုံငါးဖမ်းခွက်တွေဟာလည်း အဲဒီဂေဟထဲကို ရောက်ရှိကုန်ပါတယ်။

ယခင် အင်း၊ အိုင်ဥပဒေများမှာ အင်းချောင်းမှ ၂၂ ကိုက်အတွင်း မည်သည့်အပင်မှ စိုက်ပျိုးခွင့်မရှိခဲ့သော်လည်း ယခုအခါမှာ စပါးစိုက်တောင်သူများက အင်းချောင်းနယ်နိမိတ်အတွင်းထိဝင်ရောက်ပြီး တိုးချဲ့စိုက်ပျိုးလာတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ထိုစိုက်ပျိုးမြေများအတွင်း ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲလာခဲ့ကြပါတယ်။ ထိုကဲ့သို့သော လုပ်ဆောင်မှုများကြောင့် ငါးမျိုးစိတ်များ မျိုးပေါက်ဖွားမှုကို ထိခိုက်လာစေပြီး မျိုးပွားပေါက်ဖွားရာ၊ ကျက်စားရာ ငါးနီ၊ ငါးလာကောင်းနှင့် ဒေသအခေါ် လမယ်တောများပျက်စီးပြီးတော့ ဂေဟစနစ်များပျောက်ကွယ်ပျက်စီးပြီး ငါးသယံဇာတနှင့် ရေသယံဇာတထွက်ရှိမှုကိုလည်း လျော့နည်းလာစေပါတယ်။ ထိုသို့ဖြစ်ပေါ်နေမှုများကြောင့် တိုင်းဒေသကြီးအစိုးရမှလည်း တရားမဝင်ငါးဖမ်းခြင်းကို ကြပ်မတ်ထိန်းကြောင်းနိုင်ရေးနှင့် စပါးသမားနှင့် ငါးသမားအကြား နှစ်စဉ်ဖြစ်ပေါ်လျက်ရှိတဲ့ ပဋိပက္ခများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်ရေသယံဇာတ၊ ငါးသယံဇာတများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ထိန်းသိမ်းကာကွယ်ရေးအဖွဲ့ကို တိုင်းဒေသကြီးအစိုးရအစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၇) ဆုံးဖြတ်ချက် ၂၄ အရ မြို့နယ်များတွင် ဖွဲ့စည်းရန် ညွှန်ကြားခဲ့ပြီး မြို့နယ်များမှာလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှာ စောင့်ကြည့်ထိန်းညှိရန်ဖြစ်ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးက ခေါင်းဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်သူလယ်သမားကိုယ်စားလှယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့နှင့် ရေလုပ်ငန်းကျွမ်းကျင်သူ အရပ်သားတစ်ဦးစီတို့က အဖွဲ့ဝင်များဖြစ်ကြပါတယ်။ အဖွဲ့ရဲ့တာဝန်က သုံးရပ်ဖြစ်ပြီး လုပ်ပိုင်ခွင့်က ၁၀ ချက်ရှိပါတယ်။ သို့ရာတွင် ထိုတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မျှတစွာဆောင်ရွက်ဖို့ဆိုရင်တော့ ကောင်းမွန်ပြီး မှန်ကန်မျှတတဲ့ ရေချိုငါးဥပဒေတစ်ရပ် လိုအပ်သလို တိကျမှန်ကန်တဲ့ အင်းနယ်နိမိတ်သတ်မှတ်ချက်မြေပုံတွေရှိဖို့လည်း လိုအပ်ပါတယ်။ ရေချိုဥပဒေဆိုရာမှာလည်း လယ်သမား၊ အင်းသမားနဲ့ ရေလုပ်သားအစုအဖွဲ့များ ထိပ်တိုက်မတိုးနိုင်တဲ့ဥပဒေမျိုးဖြစ်ဖို့လည်း လိုအပ်ပါတယ်။ သို့မှသာ စပါးသမားနှင့် ငါးသမားအကြား နှစ်စဉ်ဖြစ်ပေါ်နေတဲ့ ပြဿနာများကို မြေပုံများမှာ တိုက်ဆိုင်စစ်ဆေးပြီး ဥပဒေနှင့်အညီ မျှတမှန်ကန်စွာဆောင်ရွက် ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း စပါးသမားနှင့် ငါးသမားအကြားက ဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုပြဿနာတွေကို လွှတ်တော်နားတိုင်း ကွင်းဆင်းပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးနေရမြဲဖြစ်နေပါတယ်။ သို့ဖြစ်ပါသောကြောင့် ရေသယံဇာတနှင့် ငါးသယံဇာတများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ထိန်းသိမ်းကာကွယ်ရန်နှင့် စပါးနှင့် ငါးအကြား နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများကို မှန်ကန်ပြီး တရားမျှတစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းများ၏ အင်းနယ်နိမိတ်သတ်မှတ်ချက်မြေပုံများကို တိကျမှန်ကန်စွာပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ကာလတွင် မည်သို့ဆောင်ရွက်မည်။ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင်ရဲ့မေးခွန်းအပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၄ မြို့နယ်မှာ အင်းစုစုပေါင်း ၁၇၇၇ ခုရှိပါတယ်။ သက်ဆိုင်ရာမြို့နယ်အသီးသီးမှာရှိတဲ့ အင်းတွေရဲ့နယ်နိမိတ်တွေဟာ ရေစားကမ်းပြိုခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း စတဲ့ မြေပြင်အနေအထားအပြောင်းအလဲတွေကြောင့် အင်းနယ်နိမိတ်တွေနဲ့ စိုက်ပျိုးမြေနယ်နိမိတ်တွေ ရောနှောပြီးနယ်နိမိတ်ပြတ်သားမှုမရှိတော့ဘဲ မလိုလားအပ်တဲ့ အငြင်းပွားမှုများ ကြုံတွေ့ရလျက်ရှိပါတယ်။ အင်းနယ်နိမိတ်တိုင်းတာခြင်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၁၄၆၅ အရ အင်းနယ်နိမိတ်ခွဲခြားသတ်မှတ်ခြင်းနှင့် မြေတိုင်းတာခြင်းလုပ်ငန်းကို ကျေးတိုင်နှင့် မြေစာရင်းမင်းကြီးက ဆုံးဖြတ်နိုင်ပြီး ယင်းဥပဒေအပိုဒ် ၁၄၆၆ မှာ အင်းများကို အထူးအဖွဲ့များနဲ့ နယ်နိမိတ်သတ်မှတ်ရန်နဲ့ တိုင်းတာရန်လိုအပ်တဲ့အခါ ကုန်ကျမယ့်စရိတ်တွေကို အသေးစိတ်ခန့်မှန်းပြီး နှစ်စဉ်ရသုံးငွေစာရင်းမှာ ရန်ပုံငွေ ကြိုတင်လျာထားနိုင်ကြောင်း ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၁၄၆၅ နှင့် ဥပဒေအမှတ်(၁/၉၁)ဖြင့် ပြဋ္ဌာန်းထားခဲ့တဲ့ ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)၊ အပိုဒ်(၂) အပိုဒ်ခွဲ(ဠ)နှင့်(ဋ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အင်းနယ်နိမိတ်တွေကို တိကျစွာ သတ်မှတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယင်းသို့ အင်းနယ်နိမိတ်သတ်မှတ်ပေးနိုင်ဖို့ အင်းနယ်နိမိတ်ကို ငါးလုပ်ငန်းဦးစီးဌာနမှပြသပေးပြီး အဲဒီနယ်နိမိတ်ကို တိုင်းတာခြင်း၊ မြေပုံရေးဆွဲထုတ်လုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကိုတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဆောင်ရွက်ရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်(၄/၂၀၁၈)နဲ့ ပြဋ္ဌာန်းထားတဲ့ ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၇)၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)မှာ ဂရန်အင်း၊ သီးသန့်အင်း၊ အများနှင့်ဆိုင်တဲ့ ဘုံငါးဖမ်းကွက်နယ်နိမိတ်ပြမြေပုံတွေကို သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်းပြီး ခေတ်နှင့်လျော်ညီစွာရေးဆွဲပြီး ပြုစု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ရယူရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အထက်ဖော်ပြပါဥပဒေတွေအရ အင်းနယ်နိမိတ်တိုင်းတာခြင်းလုပ်ငန်းတွေဟာ လုပ်ငန်းပမာဏကြီးမားတဲ့အနေအထားရှိပါတယ်။ အထူးမြေတိုင်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒီလိုတိုင်းတာဖို့အတွက် လိုအပ်တဲ့ကုန်ကျစရိတ်များကိုလည်းပဲ အသေးစိတ်ခန့်မှန်းတွက်ချက်ပြီး စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်သွားရန် ရှိမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဌာနများဖြစ်တဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ စီမံခန့်ခွဲမှုနဲ့ အင်းနယ်နိမိတ်များကို ကွင်းဆင်းတိုင်းတာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အင်းနယ်နိမိတ်တိုင်းတာခြင်းလုပ်ငန်းအတွက် လျာထားဘဏ္ဍာငွေ တောင်းခံထားခြင်းမရှိသေးတဲ့အလျောက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော် လည်းဘဲ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုနှင့်အညီ မြေတိုင်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီက အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ ပညာရေး မြှင့်တင်မှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခမ်ခန့်ထန်(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီမဲဆန္ဒနယ်)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာ ပါ။ ကျွန်တော်ကတော့ ပညာရေးမြှင့်တင်မှုကော်မတီ၊ အတွင်းရေးမှူး ချင်းပြည်နယ်၊ တွန်းဇံ မဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတ၏ ၁၉-၂- ၂၀၁၇ မှ ၂၀-၆-၂၀၁၈ အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ပါရန် စုစည်းတင်ပြမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆ အရ အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဖော်ပြပါ ရည်ရွယ်ချက် (၃)ချက်ဖြင့် တင်သွင်းရခြင်းဖြစ်ပါတယ်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်အမှတ်စဉ် (၄) ကို အကောင် အထည်ဖော်ရာတွင် အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည်ကို ပြည်သူ များသိရှိစေရန်၊

(၂) ပြည်သူလူထု၏ဆန္ဒနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်များကို နားထောင်၍ ကော်မတီ အနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးနေသည်ကို ပြည်သူများသိရှိစေရန်၊

**မူကြမ်း**

(၃) ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိနားလည်ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပါဝင်လာစေရန်တို့ဖြစ်ပါတယ်။

ပညာရေးမြှင့်တင်မှုကော်မတီ စတင်ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းများမှာ ၁၉-၂-၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆ အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကို ကိုယ်စားလှယ်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း ယခုအခါတွင် ကိုယ်စားလှယ်(၂၀)ဦးဖြင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏ တာဝန်(၆)ရပ်မှာ ဖြန့်ဝေထားသည့်အတိုင်းဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်ချက်များအနေနဲ့လည်း ကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

(က) ကော်မတီကစိစစ်ရမည့်ဥပဒေများကို လေ့လာသုံးသပ်ခြင်း၊

(ခ) ကော်မတီသို့ပေးပို့လာသည့်တင်ပြစာများဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီအစည်းအဝေးကျင်းပမှုများ၊

(ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ၊

(င) နိုင်ငံခြားခရီးစဉ်များ၊

(စ) အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်ခြင်း၊

(ဆ) ကော်မတီဝင်များ၏ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုအခြေအနေများ၊

(ဇ) ကော်မတီဝင်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများတို့ဖြစ်ပါတယ်။

ကော်မတီကစိစစ်ရမည့်ဥပဒေများကို လေ့လာသုံးသပ်ခြင်းမှာ ပညာရေးနှင့် သက်ဆိုင်တဲ့ ပညာရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသည့် ဥပဒေ (၁၃) ခုအနက်မှ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဌာန်းရန်များကို လေ့လာသုံးသပ်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ပညာရှင်များကို ဖိတ်ခေါ်ဆွေးနွေးလျက်ရှိပါတယ်။ တည်ဆဲဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် ထိန်းညှိရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရယူခြင်းဖြင့်လည်းကောင်း၊ တိုင်စာ၊ အသနားခံစာများဖြင့်လည်းကောင်း၊ ဥပဒေစည်းကမ်းမလိုက်နာမှုများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ထပ်ဆင့်တင်ပြခဲ့ပါတယ်။ ကော်မတီသို့ပေးပို့လာသည့် တင်ပြစာများဆောင်ရွက်မှုများအနေဖြင့် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် ၁၉-၂-၂၀၁၇ မှ ၂၀-၆-၂၀၁၈ အထိ တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာ၊ အကြံပြုစာ စုစုပေါင်း ၁၉၄ စောင်ရရှိပြီး၊ ၈၆ စောင်ကို မှတ်တမ်းအဖြစ်ထားရှိ၍ ၁၀၈ စောင်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ လွှဲပြောင်းဖြေရှင်း ဆောင်ရွက်ခဲ့ပါတယ်။

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလိုအပ်ချက်များကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ကဏ္ဍခွဲခြား၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ကဏ္ဍများမှာ-

(က) ကျောင်းအဆင့်တိုးခြင်း၊

(ခ) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊

(ဂ) အန္တရာယ်ရှိကျောင်းဆောင်များ အသစ်ပြန်လည်ဆောက်လုပ်ခြင်း၊

(ဃ) ဥပဓိရုပ်မကောင်းသောကျောင်းများကို ပြုပြင်ခြင်း၊

(င) သဘာဝဘေးဒဏ်ကြောင့် ကျောင်းများ ပြောင်းရွှေ့ဆောက်လုပ်ခြင်း၊

(စ) ဆရာ/ဆရာမ လိုအပ်ချက် ဖြည့်ဆည်းခြင်းဟူ၍ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအစည်းအဝေးများကို ၃၅ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ၎င်းအစည်းအဝေးများတွင် ပညာရေးနှင့်ဆိုင်သောဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများမှ တင်ပြလာသော ပညာရေးလိုအပ်ချက်များ၊ ပညာရေးဘတ်ဂျက်ကိစ္စများကို ဆွေးနွေးခဲ့ကြပြီး နောက်ဆက်တွဲ (က)ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့သည် နိုင်ငံတကာမှအဖွဲ့အစည်း ၉ ခုနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါတယ်။ နိုင်ငံခြားခရီးစဉ်များကို နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြထားပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်တဲ့ Workshop, Training, Seminar စုစုပေါင်း ၅၇ ခု တက်ရောက်ခဲ့ကြကြောင်း နောက်ဆက်တွဲ (ဃ)ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီဝင်များသည် ၁၉-၂-၂၀၁၇ မှ ၂၀-၆-၂၀၁၈ အထိ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ ကြယ်ပွင့်ပြမေးခွန်း ၅၉ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၈၈ ခု၊ သာမန်အဆို ၁ ခု တင်သွင်းခဲ့ကြပြီး နောက်ဆက်တွဲ (င) ဖြင့် ဖော်ပြထားပါတယ်။

ကော်မတီဝင်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ မဲဆန္ဒနယ်မြေတွင် ပြည်သူတို့၏ လိုအပ်ချက်ဖြစ်သော ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများအပြင် ပြည်သူတို့၏ အမှန်တကယ်လိုအပ်သော အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စနစ်တကျသုံးစွဲစေပြီး မိမိတို့မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုရန်ပုံငွေ တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေများဖြင့် ပြုလုပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် စောင့်ကြည့်ထိန်းကျောင်း ဆောင်ရွက်ခဲ့ပါတယ်။ သုံးသပ်အကြံပြုချက်များအနေဖြင့် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနအသီးသီး၏ လုပ်ဆောင်ချက်များကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသို့ အသိပေးထားမည်ဆိုပါက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ယခုထက်ပိုမို၍ လုပ်ကိုင်ဆောင်ရွက်နိုင်မည်

ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီသို့ ပေးပို့လာသော တင်ပြစာများကို ပညာရေးဝန်ကြီး ဌာနသို့ ဖြေရှင်းနိုင်ရန် ပေးပို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် မည်သို့ဖြေရှင်းပေးခဲ့သည်ကို ကော်မတီသို့ ပြည့်ပြည့်စုံစုံ ပြန်ကြားသင့်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူများနှင့်အဓိကထိတွေ့နိုင်သော လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့် ပြည်သူများ၏ ပညာရေးလိုအပ်ချက်များကိုဖော်ထုတ်ပြီး သက်ဆိုင်ရာ ဌာနများသို့တင်ပြခြင်း၊ အကြံပေးခြင်း၊ အမျိုးသားပညာရေးနှင့်ဆက်စပ်သော ဆင့်ပွားဥပဒေများ ပေါ်ပေါက်ရေးတွင် ပါဝင် ပူးပေါင်းပြီး လက်တွေ့ကျကျဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ပညာရေးကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပါမောက္ခများနှင့် လက်ခံတွေ့ဆုံ၍ အတွေ့ အကြုံဖလှယ်ခြင်းဖြင့် ရေရှည်တည်တံ့၍ နိုင်ငံတကာအဆင့်မီသော ပညာရေးစနစ်တစ်ခု ပေါ်ပေါက် ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်သူ့လွှတ်တော်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

## ပညာရေးမြှင့်တင်မှုကော်မတီ လုပ်ငန်းအစီရင်ခံစာ

### နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆ ဖြင့် အဖွဲ့ဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

### ရည်ရွယ်ချက်

၂။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် အောက်ဖော်ပြပါ ရည်ရွယ်ချက် များဖြင့် ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို တင်သွင်းရခြင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်အမှတ်စဉ် (၄) ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက် နေသည်ကို ပြည်သူများသိရှိစေရန်၊

(ခ) ပြည်သူလူထု၏ဆန္ဒနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်များကို နားထောင်၍ ကော်မတီအနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးနေသည်ကို ပြည်သူများ သိရှိစေရန်၊

(ဂ) ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိ နားလည်ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပါဝင်လာစေရန်၊

### မူကြမ်း

## ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းမှုအခြေအနေ

၃။ ပညာရေးမြှင့်တင်မှုကော်မတီ စတင်ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၁၉-၂-၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆ ဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅) ဦးဖြင့် စတင်ဖွဲ့စည်းခြင်း

(ခ) ၁၅-၂-၂၀၁၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ ဖြင့် ကော်မတီ သက်တမ်းတိုးမြှင့်ခြင်း

(ဂ) ၁၆-၂-၂၀၁၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ဖြင့် ကော်မတီအဖွဲ့ဝင် (၂) ဦး ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း

**ဦးခင်မောင်ရီ ဟသ်ာတမဲဆန္ဒနယ်**
**ဦးသန်းအောင် ငပုတောမဲဆန္ဒနယ်**

(ဃ) ၁၆-၂-၂၀၁၇ ရက်နေ့ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးကို လေ့လာသူများအဖြစ် တာဝန်ပေးခြင်း

**ကြည်း ၂၃၉၈၀ ဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦး**

**ကြည်း ၂၄၉၁၂ ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦး**

(င) ၂၃-၁၁-၂၀၁၇ ရက်နေ့ အမိန့်အမှတ် ၄/၂၀၁၇ ဖြင့် တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် လေ့လာသူ တစ်ဦးကို အစားထိုးလဲလှယ် တာဝန် ပေးအပ်ခြင်း

**ကြည်း ၂၃၉၈၀ ဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦး၏ နေရာတွင် ကြည်း၂၈၃၈၈ ဒုတိယအောင်ကျော်မိုး အား အစားထိုးလဲလှယ်**

(စ) ၂၀-၂-၂၀၁၈ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၈ ဖြင့် ကော်မတီ သက်တမ်းတိုးမြှင့်ခြင်း

(ဆ) ၂၃-၅-၂၀၁၈ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၈ ဖြင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း

**ကြည်း ၁၅၁၃၇ ဗိုလ်မှူးချုပ်စိုးမြင့် နေရာတွင် ရေ ၁၃၃၅ ဗိုလ်မှူးချုပ်နေဝင်း ကို အစားထိုးလဲလှယ်**

(ဇ) ၁၁-၅-၂၀၁၈ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၈ ဖြင့် ကော်မတီ အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း

**ဦးစိုင်းအောင်ကျော် ကျေးသီးမဲဆန္ဒနယ်**

**မူကြမ်း**

**ကော်မတီဝင်များ**

၄။ ကော်မတီကို စတင်ဖွဲ့စည်းခဲ့စဥ်က ကော်မတီဝင် (၁၅)ဦး ဖြင့် ဖွဲ့စည်းခဲ့သော်လည်း ယခုအခါတွင် အောက်ဖော်ပြပါ ကော်မတီဝင်(၂၀) ဦးဖြင့် ဖွဲ့စည်းထားပြီး ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာတင်အောင် | ကျောက်ဆည်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဆလိုင်းရီယန်းဇဲလ်<br>(ခ) ဆလိုင်းရန်းဇဲယ် | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာမောင်သင်း | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစောကျော်ဝင်းမောင် | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးတင်လှ | ဓနုဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးရွှေလှ(ခ)ရွှေလှဝင်း | သယ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမျိုးညွန့် | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိန်ဟန် | ကံမမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းအောင် | မိုးမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမြင့်ထွန်း | တန့်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်ငွေ | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနန်မွန်ထင် | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးကျော်ရွှေ | ရမ်းပြဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်နေဝင်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်ရီ | ဟသ်ာတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးသန်းအောင် | ငပုတောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးစိုင်းအောင်ကျော် | ကျေးသီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဒ) | ဦးခမ်ခန့်ထန် | တွန်းဇံမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ဓ) | ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး | တပ်မတော်သား | လေ့လာသူ |
| (န) | ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး | တပ်မတော်သား | လေ့လာသူ |

**ကော်မတီ၏တာဝန်**

၅။ ကော်မတီ၏ တာဝန်(၆)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပညာရေးမြှင့်တင်မှုကော်မတီဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ပညာရေးတိုးတက်စေရေးတွင် ကူညီဆောင်ရွက်ပေးရမည်။

**မူကြမ်း**

(ဂ) ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(င) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်မှပြဋ္ဌာန်းသည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၆။ ကော်မတီသည်အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ကော်မတီကစိစစ်ရမည့်ဥပဒေများကို လေ့လာသုံးသပ်ခြင်း

(ခ) ကော်မတီသို့ပေးပို့လာသည့်တင်ပြစာများဆောင်ရွက်ခြင်း

(ဂ) ကော်မတီအစည်းအဝေးကျင်းပမှုများ

(ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ

(င) နိုင်ငံခြားခရီးစဉ်များ

(စ) အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်ခြင်း

(ဆ) ကော်မတီဝင်များ၏ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုအခြေအနေများ

(ဇ) ကော်မတီဝင်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ

**(က) ကော်မတီကစိစစ်ရမည့်ဥပဒေများကို လေ့လာသုံးသပ်ခြင်း**

၇။ ပညာရေးနှင့်သက်ဆိုင်သည့် ပညာရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသည့်ဥပဒေ (၁၃)ခု အနက်မှ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များကို လေ့လာသုံးသပ်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရှင်များကို ဖိတ်ခေါ်ဆွေးနွေးလျက်ရှိပါသည်။

**မူကြမ်း**

၈။ တည်ဆဲဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် ထိန်းညှိရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရယူခြင်းဖြင့်လည်းကောင်း၊ တိုင်စာ၊ အသနားခံစာများဖြင့်လည်းကောင်း၊ ဥပဒေစည်းကမ်းမလိုက်နာမှုများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသို့ ထပ်ဆင့် တင်ပြခဲ့ပါသည်။

## (ခ) ကော်မတီသို့ပေးပို့လာသည့်တင်ပြစာများဆောင်ရွက်ခြင်း

၉။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီသည် (၁၉.၂.၂၀၁၇) မှ(၂၀.၆.၂၀၁၈) အထိ တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာ၊ အကြံပြုစာ စုစုပေါင်း (၁၉၄)စောင်ရရှိပြီး၊ (၈၆)စောင်ကို မှတ်တမ်းအဖြစ်ထားရှိ၍ (၁၀၈) စောင်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ လွှဲပြောင်းဖြေရှင်း ဆောင်ရွက်ခဲ့ပါသည်။

၁၀။ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလိုအပ်ချက်များကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်းကဏ္ဍခွဲခြား၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကဏ္ဍများမှာ-

- (က) ကျောင်းအဆင့်တိုးခြင်း
- (ခ) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း
- (ဂ) အန္တရာယ်ရှိကျောင်းဆောင်များ အသစ်ပြန်လည်ဆောက်လုပ်ခြင်း
- (ဃ) ဥပဓိရုပ်မကောင်းသောကျောင်းများကို ပြုပြင်ခြင်း
- (င) သဘာဝဘေးဒဏ်ကြောင့် ကျောင်းများ ပြောင်းရွှေ့ဆောက်လုပ်ခြင်း
- (စ) ဆရာ/ဆရာမ လိုအပ်ချက် ဖြည့်ဆည်းခြင်းဟူ၍ ဖြစ်ပါသည်။

## (ဂ) ကော်မတီအစည်းအဝေးကျင်းပမှုများ

၁၁။ ကော်မတီအစည်းအဝေးများကို (၃၅)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးများတွင် ပညာရေးနှင့်ဆိုင်သောဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများမှ တင်ပြလာသော ပညာရေးလိုအပ်ချက်များ၊ ပညာရေးဘတ်ဂျက်ကိစ္စများကို ဆွေးနွေးခဲ့ ပါသည်။ နောက်ဆက်တွဲ (က)ဖြင့် ဖော်ပြထားပါသည်။

## (ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ

၁၂။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့သည် နိုင်ငံတကာမှအဖွဲ့အစည်း (၉) ခုနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။

## (င) နိုင်ငံခြားခရီးစဉ်များ

၁၃။ ကော်မတီဝင်(၃)ဦးသည် အောင်ဆန်းကျောင်းစီမံကိန်းအတွက် ဂျပန်-မြန်မာ လွှတ်တော်အမတ်များ ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံတွင် (၂၆-၁၁-၂၀၁၇)မှ (၃၀-၁၁-၂၀၁၇) အထိပြုလုပ်သော 3rd Industrial Human Resources Development Symposium ကို တက်ရောက်ခဲ့ကြပါသည်။ ကော်မတီအဖွဲ့ဝင် ဦးရွှေလှဝင်းသည် အိန္ဒိယနိုင်ငံသို့ (၃၀-၇-၂၀၁၇)မှ (၁၂-၈-၂၀၁၇) အထိ Bureau Of Parliamentary Studies and Training (BPST)ကို တက်ရောက်ခဲ့ပါသည်။ နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြထားပါသည်။

## (စ) အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်ခြင်း

၁၄။ ပညာရေးဝန်ကြီးဌာနမှကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သည့် Workshop, Training, Seminar စုစုပေါင်း (၅၇) ခု တက်ရောက်ခဲ့ကြပါသည်။ နောက်ဆက်တွဲ(ဃ)ဖြင့် ဖော်ပြထားပါသည်။

## (ဆ) ကော်မတီဝင်များ၏ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုအခြေအနေများ

၁၅။ ကော်မတီဝင်များသည် မဲဆန္ဒနယ်မှ ပြည်သူများနှင့် နိုင်ငံအဝန်းရှိပြည်သူများ၏ အသံ၊ ဆန္ဒများကိုနားထောင်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေကိစ္စများ၊ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍများတွင် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများ တင်သွင်းခြင်း၊ ပါဝင်ဆွေးနွေးခြင်းဖြင့် ကိုယ်စားပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုခြင်း ဟူသော လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ကိုကျေပွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၁၆။ ကော်မတီဝင်များသည် (၁၉.၂.၂၀၁၇)မှ (၂၀.၆.၂၀၁၈)အထိ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ ကြယ်ပွင့်ပြမေးခွန်း (၅၉)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၈၈)ခု၊ သာမန်အဆို(၁) ခု တင်သွင်းခဲ့ပါသည်။ နောက်ဆက်တွဲ(င)ဖြင့် ဖော်ပြထားပါသည်။

## (ဇ) ကော်မတီဝင်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ

၁၇။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ မဲဆန္ဒနယ်မြေတွင် ပြည်သူတို့၏ လိုအပ်ချက်ဖြစ်သော ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများအပြင် ပြည်သူတို့ အမှန်တကယ်လိုအပ်သော အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စနစ်တကျသုံးစွဲစေပြီး မိမိတို့မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုရန်ပုံငွေ တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေများဖြင့်ပြုလုပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် စောင့်ကြည့်ထိန်းကျောင်းဆောင်ရွက်ခဲ့ပါသည်။

**သုံးသပ်အကြံပြုချက်**

၁၈။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီး၏ လုပ်ဆောင်ချက်များကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသို့ အသိပေးထားမည်ဆိုပါက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ယခုထက်ပိုမို၍ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၁၉။ ပညာရေးမြှင့်တင်မှုကော်မတီသို့ ပေးပို့လာသော တင်ပြစာများကို ပညာရေးဝန်ကြီး ဌာနသို့ ဖြေရှင်းနိုင်ရန် ပေးပို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် မည်သို့ဖြေရှင်းပေးခဲ့သည်ကို ကော်မတီသို့ ပြည့်ပြည့်စုံစုံ ပြန်ကြားသင့်ပါသည်။

**နိဂုံး**

၂၀။ ပြည်သူများနှင့်အဓိကထိတွေ့နိုင်သော လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများ၏ ပညာရေးလိုအပ်ချက်များကိုဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနများသို့ တင်ပြခြင်း၊ အကြံ ပေးခြင်း၊ အမျိုးသားပညာရေးနှင့်ဆက်စပ်သော ဆင့်ပွားဥပဒေများ ပေါ်ပေါက်ရေးတွင် ပါဝင်ပူးပေါင်းပြီး လက်တွေ့ကျကျဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ပညာရေးကို မြှင့်တင် နိုင်မည်ဖြစ်ပါသည်။

၂၁။ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပါမောက္ခများနှင့် လက်ခံတွေ့ဆုံ၍ အတွေ့အကြုံဖလှယ်ခြင်းဖြင့် ရေရှည်တည်တံ့၍ နိုင်ငံတကာအဆင့်မီသော ပညာရေး စနစ်တစ်ခုပေါ်ပေါက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**နောက်ဆက်တွဲ(က)**

**ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်**

**(၁၉.၂.၂၀၁၇) မှ (၂၀.၆.၂၀၁၈)အထိ**

**ပညာရေးမြှင့်တင်မှုကော်မတီ၏ အစည်းအဝေးကျင်းပမှုအခြေပြဇယား**

| စဉ် | ရက်စွဲ/အချိန် | နေရာ | တက်ရောက်သူအရေအတွက် | | | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကော်မတီ | ဝန်ကြီး ဌာန | အဖွဲ့ အစည်း | | |
| ၁ | ၂၁.၂.၂၀၁၇ | (I-13) အောက်ထပ် | ၁၆ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |
| ၂ | ၂၈.၂.၂၀၁၇ | (I-13) အောက်ထပ် | ၁၆ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |
| ၃ | ၃၀.၅.၂၀၁၇ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |

**မူကြမ်း**

| စဉ် | ရက်စွဲ/အချိန် | နေရာ | တက်ရောက်သူအရေအတွက် | | | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကော်မတီ | ဝန်ကြီးဌာန | အဖွဲ့အစည်း | | |
| ၄ | ၅.၆.၂၀၁၇ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၅ | ၆.၆.၂၀၁၇ | (I-13) အောက်ထပ် | ၁၇ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၆ | ၇.၆.၂၀၁၇ | (I-13) အောက်ထပ် | ၁၇ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၇ | ၂၀.၆.၂၀၁၇ | (I-13) အောက်ထပ် | ၁၆ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၈ | ၆.၇.၂၀၁၇ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၉ | ၁၃.၇.၂၀၁၇ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၁၀ | ၁၅.၈.၂၀၁၇ | (I-13) အောက်ထပ် | ၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၁၁ | ၃၀.၈.၂၀၁၇ | (I-13) အောက်ထပ် | ၁၆ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |

| စဉ် | ရက်စွဲ/အချိန် | နေရာ | တက်ရောက်သူအရေအတွက် | | | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကော်မတီ | ဝန်ကြီးဌာန | အဖွဲ့အစည်း | | |
| ၁၂ | ၂၀.၁၀.၂၀၁၇ | (I-13) အောက်ထပ် | ၁၁ | - | - | ရငွေသုံးငွေစိစစ်ရေးပူးပေါင်းအဖွဲ့(၈)၏ ညှိနှိုင်းအစည်းဝေး | အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၅) |

**မူကြမ်း**

| စဉ် | ရက်စွဲ/အချိန် | နေရာ | တက်ရောက်သူအရေအတွက် | | | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကော်မတီ | ဝန်ကြီးဌာန | အဖွဲ့အစည်း | | |
| ၁၃ | ၂၃.၁၀.၂၀၁၇ | (I-13) အောက်ထပ် | ၁၃ | - | ၂၃ | ရငွေသုံးငွေစိစစ်ရေး ပူးပေါင်းအဖွဲ့(၈)၏ ညှိနှိုင်းအစည်းဝေး | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၆)ဦး |
| ၁၄ | ၂၄.၁၀.၂၀၁၇ | (I-13) အောက်ထပ် | ၁၃ | - | ၃ | ရငွေသုံးငွေစိစစ်ရေး ပူးပေါင်းအဖွဲ့(၈)၏ ညှိနှိုင်းအစည်းဝေး | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၆)ဦး |
| ၁၅ | ၉.၁၁.၂၀၁၇ | (I-13) အောက်ထပ် | ၁၆ | - | - | ဗွီဒီယိုမှတ်တမ်းရိုက်ကူးခြင်းနှင့် ကော်မတီ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး | |
| ၁၆ | ၂၂.၁၁.၂၀၁၇ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |
| ၁၇ | ၂၄-၁၁-၂၀၁၇ | (I-13) အောက်ထပ် | ၄ | - | ၂ | ပညာရေးဆိုင်ရာနှင့် ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေး | |
| ၁၈ | ၁၆.၁.၂၀၁၈ | (I-13) အောက်ထပ် | ၁၄ | - | - | ရငွေသုံးငွေ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၈)၏ ညှိနှိုင်းအစည်းအဝေး | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၆ဦး |
| ၁၉ | ၁၉.၁.၂၀၁၈ | (I-13) အောက်ထပ် | ၄ | ၄ | - | ရငွေသုံးငွေ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၈)၏ ညှိနှိုင်းအစည်းအဝေး | |

| စဉ် | ရက်စွဲ/အချိန် | နေရာ | တက်ရောက်သူအရေအတွက် | | | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကော်မတီ | ဝန်ကြီးဌာန | အဖွဲ့အစည်း | | |
| ၂၀ | ၂၃.၁.၂၀၁၈ | (I-13) အောက်ထပ် | ၇ | - | - | ရငွေသုံးငွေ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၈)၏ ညှိနှိုင်းအစည်းအဝေး | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၇ ဦး |
| ၂၁ | ၂၃.၁.၂၀၁၈ | (I-13) အောက်ထပ် | ၁၉ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |
| ၂၂ | ၂၄.၁.၂၀၁၈ | (I-13) အောက်ထပ် | ၅ | ၄ | - | ရငွေသုံးငွေ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၈)၏ ညှိနှိုင်းအစည်းအဝေး | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂ ဦး |
| ၂၃ | ၂၅.၁.၂၀၁၈ | (I-13) အောက်ထပ် | ၄ | ၁၆ | - | ရငွေသုံးငွေ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၈)၏ ညှိနှိုင်းအစည်းအဝေး | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၃ ဦး |
| ၂၄ | ၂၆.၁.၂၀၁၈ | (I-13) အောက်ထပ် | ၇ | ၈ | - | ရငွေသုံးငွေ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၈)၏ ညှိနှိုင်းအစည်းအဝေး | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၆ ဦး |
| ၂၅ | ၈.၂.၂၀၁၈ | (I-13) အောက်ထပ် | ၁၇ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |
| ၂၆ | ၂၀.၂.၂၀၁၈ | (I-13) အောက်ထပ် | ၁၆ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |
| ၂၇ | ၂၇.၂.၂၀၁၈ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |
| ၂၈ | ၁၃.၃.၂၀၁၈ | (I-13) အောက်ထပ် | ၁၇ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး | |

| စဉ် | ရက်စွဲ/အချိန် | နေရာ | တက်ရောက်သူအရေအတွက် | | | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကော်မတီ | ဝန်ကြီးဌာန | အဖွဲ့အစည်း | | |
| ၂၉ | ၂၉.၃.၂၀၁၈ | (I-13) အောက်ထပ် | ၁၃ | - | ၃ | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | ဦးတင်ကိုကိုဦး ဘီးလင်း မဲဆန္ဒနယ် |
| ၃၀ | ၂၄.၅.၂၀၁၈ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၃၁ | ၂၉.၅.၂၀၁၈ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၃၂ | ၃၀.၅.၂၀၁၈ | (I-13) အောက်ထပ် | ၁၈ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၃၃ | ၃၁.၅.၂၀၁၈ | (I-13) အောက်ထပ် | ၁၇ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၃၄ | ၅.၆.၂၀၁၈ | (I-13) အောက်ထပ် | ၁၅ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |
| ၃၅ | ၁၂.၆.၂၀၁၈ | (I-13) အောက်ထပ် | ၁၅ | - | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | |

# ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်

# (၁၉.၂.၂၀၁၇) မှ (၂၀.၆.၂၀၁၈)အထိ ပညာရေးမြှင့်တင်မှုကော်မတီဝင်၏

# ပြည်တွင်း၊ ပြည်ပ ဧည့်သည့်လက်ခံတွေ့ဆုံမှုစာရင်းအချုပ်

| စဉ် | ရက်စွဲ | ကော်မတီ ဦးရေ | ဧည့်သည်ဦးရေ | | အကြိမ် | လက်ခံတွေ့ဆုံသည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | | | ပြည်တွင်း | ပြည်ပ | | |
| ၁ | ၉.၃.၂၀၁၇ | ၁၆ | ၁ | ၁ | ၁ | Westminister Foundation for Democracy (WFD) |
| ၂ | ၃.၅.၂၀၁၇ | ၅ | ၄ | ၂၈ | ၁ | ဂျပန်နိုင်ငံ၊ Miyazaki University ဥက္ကဋ္ဌ ပါမောက္ခ Tsuyomu Ikenoue ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့ |
| ၃ | ၂၂.၆.၂၀၁၇ | ၁၀ | ၁ | ၁ | ၁ | ACE PRESSUREWELD INT'L (PTE) LTD, Singapore |
| ၄ | ၁၃-၇-၂၀၁၇ | ၁၈ | ၄ | - | ၁ | ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး |
| ၅ | ၂၀.၇.၂၀၁၇ | ၁၃ | ၁ | ၅ | ၁ | Foundation Committee of International University ကိုယ်စား ကိုရီးယားနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ Non-profit ပညာရေးနှင့် သက်သာချောင်ချိရေး ဖောင်ဒေးရှင်း ကိုယ်စားလှယ်အဖွဲ့ |
| ၆ | ၂.၈.၂၀၁၇ | ၁၃ | ၂ | ၁ | ၁ | ဂျပန်နိုင်ငံ၊ NPO Asia Environmen - tal Technology Promotion Institute, NPO-AET (အာရှဒေသ ပတ်ဝန်းကျင် ကောင်းမွန်ရေး နည်းပညာ ပြန့်ပွားမှုအဖွဲ့နှင့် တွေ့ဆုံခြင်း |

မှုကြမ်း

| စဉ် | ရက်စွဲ | ကော်မတီ ဦးရေ | ဧည့်သည်ဦးရေ | | အကြိမ် | လက်ခံတွေ့ဆုံသည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | | | ပြည်တွင်း | ပြည်ပ | | |
| ၇ | ၉.၈.၂၀၁၇ | ၂ | ၅ | - | ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်မှ ကျောင်းသားများအဖွဲ့နှင့် တွေ့ဆုံခြင်း |
| ၈ | ၁၁.၈.၂၀၁၇ | ၈ | ၂၄ | ၂ | ၁ | ဂျပန်နိုင်ငံ၊ Tokyo University Professor Mr. Takizawa Saruro နှင့် ကျောင်းသား/ ကျောင်းသူများအား တွေ့ဆုံခြင်း |
| ၉ | ၁၅.၈.၂၀၁၇ | ၈ | ၁ | - | ၁ | ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာနနှင့်တွေ့ဆုံခြင်း |
| စုစုပေါင်း | | ၉၃ | ၄၃ | ၃၈ | ၉ | အဖွဲ့အစည်း (၉) ဖွဲ့ |

**မူကြမ်း**

နောက်ဆက်တွဲ(ဂ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
## (၁၉.၂.၂၀၁၇) မှ (၂၀.၆.၂၀၁၈)အထိ ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၏ ပြည်ပခရီးစဉ် သွားရောက်ခဲ့မှုစာရင်း

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ | |
|---|---|---|---|---|---|---|
| | | | | | မှ | ထိ |
| ၁ | ဦးရွှေလှဝင်း | သဃ်န်းကျွန်း | အိန္ဒိယ | Bureau Of Parliamentary Studies and Training (BPST) | ၃၀.၇.၂၀၁၇ | ၁၂.၈.၂၀၁၇ |
| ၂ | ဦးခမ်ခန့်ထန် | တွန်းဇံ | ဂျပန် | 3 rd Industrial Human Resources Development Symposium | ၂၆.၁၁.၂၀၁၇ | ၃၀.၁၁.၂၀၁၇ |
| ၃ | ဦးစောကျော်ဝင်းမောင် | ကျိုက်မရော | ဂျပန် | 3 rd Industrial Human Resources Development Symposium | ၂၆.၁၁.၂၀၁၇ | ၃၀.၁၁.၂၀၁၇ |
| ၄ | ဦးမြင့်ထွန်း | တန့်ဆည် | ဂျပန် | 3 rd Industrial Human Resources Development Symposium | ၂၆.၁၁.၂၀၁၇ | ၃၀.၁၁.၂၀၁၇ |

**နောက်ဆက်တွဲ(ဃ)**

## ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်

## (၁၉.၂.၂၀၁၇) မှ (၂၀.၆.၂၀၁၈) အထိ ပညာရေးမြှင့်တင်မှုကော်မတီ၏

## Workshop, Training, Seminar တက်ရောက်ခဲ့သည့်စာရင်း

| စဉ် | တက်ရောက်ခဲ့သည့်နေ့ | အကြောင်းအရာ | တက်ရောက်ခဲ့သည့်ဦးရေ | တက်ရောက်ခဲ့သည့်အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၃.၂.၂၀၁၇ | အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၁၆ - ၂၀၂၁) စတင်ဆောင်ရွက်ခြင်း အခမ်းအနား | ၈ | ၁ | လွှတ်တော်ပြင်ပ |
| ၂ | ၂၇.၂.၂၀၁၇ | လွှတ်တော်ကော်မတီလုပ်ငန်းစဉ်ရေးဆွဲခြင်း ဆွေးနွေးပွဲ | ၂ | ၁ | လွှတ်တော်ပြင်ပ |
| ၃ | ၂၈.၂.၂၀၁၇ | အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့်ခွဲခြား ဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW) ဘာသာရပ်ဆိုင်ရာ အပြန်အလှန်ဆွေးနွေးခြင်း (Debate) | ၂ | ၁ | လွှတ်တော်တွင်း |
| ၄ | ၂၉.၂.၂၀၁၇ | ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ | ၁၅ | ၁ | လွှတ်တော်တွင်း |
| ၅ | ၁၃.၃.၂၀၁၇ | ကမ္ဘာ့ရေနေ့ ၂၀၁၇ ခုနှစ် အထိမ်းအမှတ် အခမ်းအနား တက်ရောက်နိုင်ရေး | ၂ | ၁ | လွှတ်တော်ပြင်ပ |
| ၆ | ၂၃.၃.၂၀၁၇-၂၄.၃.၂၀၁၇ | ပုဂ္ဂိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှီးနှောဖလှယ်ပွဲ | ၃ | ၁ | လွှတ်တော်ပြင်ပ |
| ၇ | ၂၉.၃.၂၀၁၇ | ရန်ကုန်တက္ကသိုလ် (ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး အဖွဲ့၏လုပ်ငန်း ညှိနှိုင်း အစည်းအဝေး | ၁ | ၁ | လွှတ်တော်ပြင်ပ |

| စဉ် | တက်ရောက်ခဲ့သည့်နေ့ | အကြောင်းအရာ | တက်ရောက်ခဲ့သည့်ဦးရေ | တက်ရောက်ခဲ့သည့်အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၈ | ၃.၄.၂၀၁၇ | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်(၄) လူသား အားလုံးအကျုံးဝင်ကာ ညီညွတ် မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံသို့ တက်ရောက်ခြင်း | ၃ | ၁ | လွှတ်တော်ပြင်ပ |
| ၉ | ၂၆.၄.၂၀၁၇-၂၇.၄.၂၀၁၇ | ပညာရေး၊ စက်မှုဝန်ကြီးဌာန၊ ADB Bank မှ အစည်းအဝေးဖိတ်ကြားခြင်း | ၅ | ၁ | လွှတ်တော်ပြင်ပ |
| ၁၀ | ၂၁.၅.၂၀၁၇ | AIDs Candile Light Memorial Day အခမ်းအနား | ၆ | ၁ | လွှတ်တော်ပြင်ပ |
| ၁၁ | ၂၄.၅.၂၀၁၇ - ၂၈.၅.၂၀၁၇ | (၂၁) ရာစု ပင်လုံညီလာခံ ဒုတိယ အစည်းအဝေးသို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော်ပြင်ပ |
| ၁၂ | ၂၈.၅.၂၀၁၇ | မသန်စွမ်းကလေးများနှင့် မသန်စွမ်းသူများ ပညာသင်ခွင့်ရရှိရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ | ၂ | ၁ | လွှတ်တော်ပြင်ပ |
| ၁၃ | ၁၃.၆.၂၀၁၇-၁၄.၆.၂၀၁၇ | ဒေသတွင်းနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ (Regional TVET Conference 2017) | ၃ | ၁ | လွှတ်တော်ပြင်ပ |
| ၁၄ | ၁၃.၆.၂၀၁၇-၁၄.၆.၂၀၁၇ | ဒုတိယအကြိမ်မြောက် ပြည်သူ့လူထုနှင့် ခရီးသွားဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ | ၁ | ၁ | လွှတ်တော်ပြင်ပ |

| စဉ် | တက်ရောက်ခဲ့သည့်နေ့ | အကြောင်းအရာ | တက်ရောက်ခဲ့သည့်ဦးရေ | တက်ရောက်ခဲ့သည့်အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁၅ | ၁၅.၆.၂၀၁၇-၁၆.၆.၂၀၁၇ | ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ အခြေခံ မူဝါဒများ ဗဟိုချုပ်ကိုင်မှု လျော့ချထားသော အစိုးရစနစ်များ တည်ဆောက်ခြင်း ဆွေးနွေးပွဲ | ၁ | ၁ | လွှတ်တော်တွင်း |
| ၁၆ | ၂၄.၆.၂၀၁၇-၂၅.၆.၂၀၁၇ | ၂၀၁၇ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) အစည်းအဝေး | ၇ | ၁ | လွှတ်တော်ပြင်ပ |
| ၁၇ | ၂၆.၆.၂၀၁၇ | အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့အခမ်းအနား | ၂ | ၁ | လွှတ်တော်ပြင်ပ |
| ၁၈ | ၃.၇.၂၀၁၇ | ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာ လွှတ်တော် ကိုယ်စားလှယ်များ အသင်းမြန်မာစတင်ခြင်း အခမ်းအနား | ၁ | ၁ | လွှတ်တော်ပြင်ပ |
| ၁၉ | ၇.၇.၂၀၁၇ | အိမ်အကူအလုပ်သမားများအတွက် ဥပဒေ ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုဆွေးပွဲ | ၇ | ၁ | လွှတ်တော်ပြင်ပ |
| ၂၀ | ၉.၇.၂၀၁၇ | ရန်ကုန်တက္ကသိုလ် ကျောင်းသား သမဂ္ဂရုံးခန်း ဖွင့်ပွဲအခမ်းအနား | ၁ | ၁ | လွှတ်တော်ပြင်ပ |
| ၂၁ | ၂၅.၇.၂၀၁၇ | မြန်မာ့ပညာရေးရာများကို မည်သို့ရှေ့ဆက်၍ ကူညီထောက်ပံ့ ပေးရမည့် အချက်အလက် များ ဆွေးနွေးမည့်ကိစ္စ | ၉ | ၁ | လွှတ်တော်ပြင်ပ |
| ၂၂ | ၂၇.၇.၂၀၁၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက် ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသန တွေ့ရှိချက်များ၏ ရှင်းလင်းပွဲသို့ တက်ရောက်ခြင်း | ၄ | ၁ | လွှတ်တော်ပြင်ပ |

**မူကြမ်း**

| စဉ် | တက်ရောက်ခဲ့သည့်နေ့ | အကြောင်းအရာ | တက်ရောက်ခဲ့သည့်ဦးရေ | တက်ရောက်ခဲ့သည့်အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၂၃ | ၂၇.၇.၂၀၁၇ | မြန်မာ့စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့က စိုက်ပျိုးရေးမွေးမြူရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၄ | ၁ | လွှတ်တော်ပြင်ပ |
| ၂၄ | ၂၉.၇.၂၀၁၇ | မြန်မာနိုင်ငံ၊ အလယ်တန်း၊ အထက်တန်းပညာရေးသင်ရိုး ညွှန်းတမ်း ပြုပြင်ပြောင်းလဲရေး ဖိုရမ်သို့ တက်ရောက်ခြင်း | ၁၄ | ၁ | လွှတ်တော်ပြင်ပ |
| ၂၅ | ၄.၈.၂၀၁၇ | တက္ကသိုလ်ဆရာ၊ ဆရာမအသင်းများ၏ ပညာရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်နိုင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၄ | ၁ | လွှတ်တော်ပြင်ပ |
| ၂၆ | ၉.၈.၂၀၁၇ | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း(၂၀၁၆) ကွင်းဆင်းကောက်ယူမှုရရှိခဲ့သော တွေ့ရှိချက်များကို ရှင်းလင်း ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၁၁ | ၁ | လွှတ်တော်တွင်း |
| ၂၇ | ၁၁.၈.၂၀၁၇ | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော်ပြင်ပ |
| ၂၈ | ၁၅.၈.၂၀၁၇ | ၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီ နေ့ အခမ်းအနားသို့ တက်ရောက်ခြင်း | ၅ | ၁ | လွှတ်တော်ပြင်ပ |
| ၂၉ | ၁၆.၈.၂၀၁၇ | အမျိုးသားကျန်းမာရေးအားကစားစနစ်နှင့်ပတ်သက်၍ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော်ပြင်ပ |

မူကြမ်း

| | | | | | |
|---|---|---|---|---|---|
| ၃၀ | ၁၇.၈.၂၀၁၇ | ဓါတ်ရောင်ခြည်ပေး နည်းပညာ အသုံးချ ခြင်းဆိုင်ရာ အသိပညာပေး ခြင်း ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော် ပြင်ပ |

| စဉ် | တက်ရောက် ခဲ့သည့်နေ့ | အကြောင်းအရာ | တက်ရောက် ခဲ့သည့်ဦးရေ | တက်ရောက် ခဲ့သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၃၁ | ၂၂.၈.၂၀၁၇- ၂၃.၈.၂၀၁၇ | ၂၀၁၇ခုနှစ်၊ မြန်မာဘာသာစကား စွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်) အခမ်းအနားသို့ တက်ရောက်ခြင်း၊ | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၃၂ | ၈.၉.၂၀၁၇ | ၂၀၁၇ ခုနှစ်၊ နိုင်ငံတကာ စာတတ် မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း၊ | ၃ | ၁ | လွှတ်တော် ပြင်ပ |
| ၃၃ | ၂၆.၉.၂၀၁၇ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၈) နှစ်မြောက် အခမ်းအနားသို့ တက်ရောက်ခြင်း၊ | ၂ | ၁ | လွှတ်တော် ပြင်ပ |
| ၃၄ | ၁၈.၁၀.၂၀၁၇ | မြန်မာနိုင်ငံမှ (၁၁) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာတီထွင် စမ်းသပ်မှု အစည်းအဝေး တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၃၅ | ၂၀.၁၀.၂၀၁၇ | မွေးဖွားသူနှင့်သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်း အလုပ်ရုံဆွေးနွေး ပွဲသို့ တက်ရောက်ခြင်း | ၃ | ၁ | လွှတ်တော် ပြင်ပ |
| ၃၆ | ၂၅.၁၀.၂၀၁၇ | UNICEF အဖွဲ့ကြီးမှူး၏ ဖိုရမ်သို့ တက်ရောက်ခြင်း | ၅ | ၁ | လွှတ်တော် ပြင်ပ |
| ၃၇ | ၂၆.၁၀.၂၀၁၇ - ၂၇.၁၀.၂၀၁၇ | စဉ်ဆက်အပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၅) နှင့် သက်ဆိုင်သော အဆင့်မြင့် အရာရှိကြီးညီလာခံသို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော် ပြင်ပ |

| | | | | | |
|---|---|---|---|---|---|
| ၃၈ | ၂၉.၁၀.၂၀၁၇ | မီဒီယာနှင့်ပြည်သူ့ဆက်ဆံရေး မဟာဗျူဟာ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၃၉ | ၃၀.၁၀.၂၀၁၇ | သင်ရိုးညွှန်တမ်း Teacher Policy Seminer သို့တက်ရောက်ခြင်း | ၃ | ၁ | လွှတ်တော် ပြင်ပ |
| ၄၀ | ၇.၁၁.၂၀၁၇ - ၈.၁၁.၂၀၁၇ | e- Gorenment Conferene ICT သို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |

| စဉ် | တက်ရောက် ခဲ့သည့်နေ့ | အကြောင်းအရာ | တက်ရောက် ခဲ့သည့်ဦးရေ | တက်ရောက် ခဲ့သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၄၁ | ၈.၁၁.၂၀၁၇ | ဆရာ/ဆရာမရာထူးတိုးပြောင်း တန်းစီဇယား မူသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၄၂ | ၂၂.၁၁.၂၀၁၇ | လွှတ်တော်ကိုယ်စားလှယ်များ ညစာစားပွဲ စကားဝိုင်း သို့တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၄၃ | ၂၄.၁၁.၂၀၁၇ | ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကြက်ခြေနီအသင်းလှုပ်ရှားမှုသို့ တက်ရောက်ခြင်း၊ | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၄၄ | ၄.၁.၂၀၁၈ | နှစ်(၇၀)ပြည့် လွတ်လပ်ရေးအခမ်းအနားသို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၄၅ | ၁၄.၁.၂၀၁၈- ၁၆.၁.၂၀၁၈ | နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၄၆ | ၁၈.၁.၂၀၁၈ | အလုပ်ရှင်အလုပ်သမား စုပေါင်းတောင်းဆိုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို | ၅ | ၁ | လွှတ်တော် ပြင်ပ |

| | | | | | |
|---|---|---|---|---|---|
| ၄၇ | ၁၈.၁.၂၀၁၈ | အမျိုးသမီးများ သာတူညီမျှမှု အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအား အကဲဖြတ်ခြင်းနှင့် သက်ဆိုင်သော ဆွေးနွေးပွဲ | ၂ | ၁ | လွှတ်တော် ပြင်ပ |
| ၄၈ | ၁.၂.၂၀၁၈ | (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား သို့ တက်ရောက်ခြင်း | ၄ | ၁ | လွှတ်တော် ပြင်ပ |
| ၄၉ | ၃.၂.၂၀၁၈ - ၄.၂.၂၀၁၈ | မီဒီယာချိတ်ဆက်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော် ပြင်ပ |

| စဉ် | တက်ရောက် ခဲ့သည့်နေ့ | အကြောင်းအရာ | တက်ရောက် ခဲ့သည့်ဦးရေ | တက်ရောက် ခဲ့သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၅၀ | ၇.၂.၂၀၁၈ | ကော်မတီစုံစမ်းစစ်ဆေးမှုဆိုင်ရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။ | ၈ | ၁ | လွှတ်တော် တွင်း |
| ၅၁ | ၈.၂.၂၀၁၈ | လူမှုကွန်ယက် မီဒီယာဆွေးနွေးပွဲ သို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော် တွင်း |
| ၅၂ | ၁၅.၂.၂၀၁၈- ၁၆.၂.၂၀၁၈ | သိပ္ပံ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်း အစည်းအဝေး | ၂ | ၁ | လွှတ်တော် ပြင်ပ |
| ၅၃ | ၂၀.၂.၂၀၁၈ | အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ေ ေး မူဝါဒ စစအခမ်းအနားသို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၅၄ | ၂၂.၂.၂၀၁၈ | ကမ္ဘာ့ရေနေ့ ၂၀၁၈ အထိမ်းအမှတ် အခမ်း အနားသို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော် ပြင်ပ |

| | | | | | |
|---|---|---|---|---|---|
| ၅၅ | ၂၂.၂.၂၀၁၈ | ကမ္ဘာ့ရေနေ့ ၂၀၁၈ အထိမ်းအမှတ်အခမ်း အနားသို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော် ပြင်ပ |
| ၅၆ | ၂၄.၂.၂၀၁၈- ၂၅.၂.၂၀၁၈ | လုံခြုံရေးကဏ္ဍအုပ်ချုပ်မှုနှင့် လွှတ်တော်၏ အခန်းကဏ္ဍ အစည်းအဝေးသို့ တက်ရောက်ခြင်း | ၁ | ၁ | လွှတ်တော် ပြင်ပ |
| ၅၇ | ၇.၃.၂၀၁၈ | တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှု ဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးညီလာခံသို့ တက်ရောက်ခြင်း | ၂ | ၁ | လွှတ်တော် ပြင်ပ |

**နောက်ဆက်တွဲ(င)**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
## (၁၉-၂-၂၀၁၇) မှ (၂၀-၆-၂၀၁၈) အထိ ကော်မတီဝင်များ မေးမြန်းခဲ့သည့်
## ကြယ်ပွင့်ပြ/မပြ မေးခွန်းများနှင့် အဆိုများ တင်သွင်းခဲ့မှုအခြေအနေ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် | (၁၉-၂-၂၀၁၇) မှ(၂၀-၆-၂၀၁၈) အထိ | | | |
|---|---|---|---|---|---|---|---|
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အရေးကြီးအဆို | သာမန်အဆို |
| ၁ | ဒေါက်တာ တင်အောင် | ကျောက်ဆည် | ဥက္ကဋ္ဌ | ၁ | - | - | - |
| ၂ | ဒေါက်တာဆလိုင်းရီယန်း ဗဲလ် | ဖလမ်း | အဖွဲ့ဝင် | ၆ | - | - | - |
| ၃ | ဒေါက်တာ မောင်သင်း | မိတ္ထီလာ | ။ | ၂ | ၁ | - | - |
| ၄ | ဦးစောကျော် ဝင်းမောင် | ကျိုက်မရော | ။ | ၂ | - | - | - |
| ၅ | ဦးတင်လှ | ခနော်ဖြူ | ။ | ၅ | - | - | - |
| ၆ | ဦးရွှေလှ(ခ) | သဃ်န်းကျွန်း | ။ | ၃ | ၂ | - | - |

မူကြမ်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ဦးရွှေလှဝင်း | | | | | | |
| ၇ | ဦးမျိုးညွန့် | ဟုမ္မလင်း | ॥ | ၁၀ | ၂၆ | - | - |
| ၈ | ဦးစိန်ဟန် | ကံမ | ॥ | ၆ | ၆ | - | - |
| ၉ | ဦးဝင်းအောင် | မိုးမောက် | ॥ | ၃ | - | - | ၁ |
| ၁၀ | ဦးမြင့်ထွန်း | တန့်ဆည် | ॥ | ၄ | ၂၂ | - | - |
| ၁၁ | ဦးမြင့်ငွေ | ကျောက်ကြီး | ॥ | ၄ | ၁ | - | - |
| ၁၂ | ဦးနန်မွန်ထင် | မချမ်းဘော | ॥ | ၂ | ၁၆ | - | - |
| ၁၃ | ဦးကျော်ရွှေ | ရမ်းဗြဲ | ॥ | ၆ | ၈ | - | - |

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် | (၁၉-၂-၂၀၁၇) မှ(၂၀-၆-၂၀၁၈) အထိ | | | |
|---|---|---|---|---|---|---|---|
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | အရေးကြီးအဆို | သာမန်အဆို |
| ၁၄ | ဗိုလ်မှူးချုပ် နေဝင်း | တပ်မတော်သား ကိုယ်စားလှယ် | ॥ | - | - | - | - |
| ၁၅ | ဦးခင်မောင်ရီ | ဟသ်ာတ | ॥ | - | ၁ | - | - |
| ၁၆ | ဦးသန်းအောင် | ငပုတော | ॥ | ၅ | ၃ | - | - |
| ၁၇ | ဦးစိုင်းအောင်ကျော် | ကျေးသီး | ॥ | - | - | - | - |
| ၁၈ | ဦးခမ်ခန့်ထန် | တွန်းဇံ | အတွင်းရေးမှူး | - | ၂ | - | - |
| ၁၉ | ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး | တပ်မတော်သား ကိုယ်စားလှယ် | လေ့လာသူ | - | - | - | - |
| ၂၀ | ဒုတိယဗိုလ်မှူးကြီးအောင်ကျော် | တပ်မတော်သား | လေ့လာသူ | - | - | - | - |

**မူကြမ်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | မိုး | ကိုယ်စားလှယ် | | | | | |
| **စုစုပေါင်း** | | | | **၅၉** | **၈၈** | **-** | **၁** |

## ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှု ကော်မတီက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၀-၁၂-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့(၂၈-၁၁-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ တောင်သူလယ်သမား နှင့် အလုပ်သမားရေးရာကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့လုပ်ငန်းဆောင်ရွက်ချက် ဒုတိယနှစ်ပတ်လည်အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးသွားမယ့် ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကော်မတီက စာမျက်နှာ ၂၀ ပါတဲ့ ဒုတိယနှစ်ပတ်လည်အစီရင်ခံစာကို ၂၈-၁၁-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။ ကော်မတီအနေဖြင့် တောင်သူလယ်သမားကဏ္ဍတွင် ကော်မတီဝင် ၁၀ ဦး၊ အလုပ်သမားကဏ္ဍတွင် ကော်မတီဝင်ကိုးဦးတို့ဖြင့် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေဆောင်ရွက်ပေးနေတာတွေ့ရလို့ များစွာဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကော်မတီဖွဲ့စည်းပြီးချိန်မှစပြီး တောင်သူလယ်သမားများရဲ့တိုင်ကြားစာပေါင်း ၆၇၀၄ စောင်

လက်ခံရရှိခဲ့ပြီး ယခုထက်ထိတိုင်ကြားစာများ၊ တင်ပြစာများ ထပ်မံရောက်ရှိလျက်ရှိကြောင်း ဖော်ပြထားပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြေသိမ်းခံတောင်သူလယ်သမားတွေ ဘယ်လောက်အထိဒုက္ခကြုံတွေ့ခဲ့ရတယ်။ ဘယ်လောက်အထိ ဒုက္ခတွေကြုံတွေ့နေရတယ်ဆိုတာ ခန့်မှန်းသိရှိနိုင်ပါတယ်။ ရောက်ရှိလာတဲ့ တိုင်ကြားစာတစ်ခုချင်းအပေါ်မှာ အသေးစိတ်ဖတ်ရှုလေ့လာပြီး အကြံပြုခြင်း၊ မှတ်ချက်ပြုခြင်းများဆောင်ရွက်ပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီထံ တိုင်ကြားစာပေါင်း ၂၀၁၀ စောင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးပို့ခဲ့တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီလိုလွှဲပြောင်းပေးပို့ခဲ့လို့ သက်ဆိုင်ရာ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှဖြစ်စေ ကော်မတီရဲ့အကြံပြုချက်အတိုင်း ဘာတွေဆောင်ရွက်ထားတယ်။ ဘယ်လိုဆောင်ရွက်ပြီးစီးပြီဆိုတဲ့ အကြောင်းပြန်ကြားစာ ဘယ်နှစောင် လက်ခံရရှိပါတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားတာ မတွေ့ရပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာ စာမျက်နှာ ၇ အပိုဒ် ၁၇ မှာ သိမ်းဆည်းခံမြေယာနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်အချို့အပေါ်မှာ အားနည်းချက်အနေနဲ့ ထောက်ပြထားတာရှိပါတယ်။ အဲဒါကတော့ တိုင်ကြားစာများကို ဖတ်ရှုရာမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖတ်ရှုလေ့လာပြီး တွေ့ရှိချက်များကို ကော်မတီအစည်းအဝေးတွင် ပြန်လည်ဆွေးနွေးခြင်းဖြင့် တစ်နိုင်ငံလုံးရှိ လယ်ယာမြေကိစ္စ၊ တောင်သူလယ်သမားကိစ္စနှင့် အလုပ်သမားပြဿနာများကို ကော်မတီဝင်များအနေဖြင့် ပိုမိုကျယ်ပြန့်စွာ သိရှိရပါတယ်။ သို့ရာတွင် တိုင်ကြားစာပေါ်တွင် ကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်မှုမပြုနိုင်သဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်၏လွှတ်တော်ကိုယ်စားလှယ်များကို မေးမြန်းရာတွင် အချို့ကိုယ်စားလှယ်များသည် မြေသိမ်းကိစ္စများပေါ်တွင် စိတ်ပါဝင်စားမှုအားနည်းခြင်း၊ ၎င်းတို့ကိုယ်တိုင် မိမိတို့မြို့နယ်တွင် ပါဝင်ဆောင်ရွက်မှုမရှိခြင်း၊ မြေသိမ်းကိစ္စများတွင် ချမှတ်ထားသည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို မသိရှိခြင်းတို့ကြောင့် ကော်မတီ၏စုံစမ်းမေးမြန်းမှုကို ကူညီဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်လို့ တင်ပြထားတာတွေ့ရှိရပါတယ်။ အမှန်တကယ်တော့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ တကယ်တော့မြေသိမ်းခံကိစ္စဖြင့် တခြားသောကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စတွေ၊ မြို့နယ်ဖွံ့ဖြိုးရေးကိစ္စတွေမှာ အားတက်သရောဆောင်ရွက်နေရတာဖြစ်တဲ့အတွက် တချို့၊ တချို့သောမြေသိမ်းကိစ္စတွေမှာ ပါဝင်ဆောင်ရွက်နိုင်မှုအားနည်းကောင်းအားနည်းတာတွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ ကျွန်တော်တို့အကြံပြုလိုတာကတော့ တကယ်တမ်းကျတော့ ဒီမြေသိမ်းခံကိစ္စတွေအားလုံးက သက်ဆိုင်ရာလယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေက ပိုမိုဆောင်ရွက်ပေးရမယ့်ကဏ္ဍလို့ ကျွန်တော်တို့သိထားပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ ဒီမြေယာနှင့်ပတ်သက်လို့၊ သိမ်းဆည်းခံမြေယာနှင့်ပတ်သက်လို့ ချမှတ်ထားတဲ့မူဝါဒတွေ၊ လမ်းညွှန်ချက်နှင့်အညီ မြေပြင်မှာ တွေ့ရှိချက်၊ စိစစ်ချက်၊ သုံးသပ်ချက်၊ အကြံပြုချက်တွေနဲ့ တစ်ပါတည်း အမှုတွဲတစ်ခုလုံးကို သက်ဆိုင်ရာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တစ်ခုလုံးကို၊ အမှုတွဲတစ်ခုလုံးကို

ပေးအပ်လိုက်ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့တွေ့ရှိချက်ဟာ မြေပြင်မှာ ဘယ်လောက်အထိ သိမ်းဆည်းခဲ့တယ်၊ လျော်ကြေးဘယ်လောက်ပေးတယ်။ နောက် ဘာတွေအသုံးချထားတယ်။ ပိုလျှံမြေ ဘယ်လောက်က စသည်ဖြင့် ကျွန်တော်တို့အတိအကျဖော်ပြသော်လည်းပဲ သက်ဆိုင်ရာအစိုးရအဖွဲ့တွေ၊ ဗဟိုကနေပြန်ကျလာတဲ့စာတွေအရတော့ ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိဆိုတဲ့ အဖြေတွေလည်း များနေတာတွေ့ရပါတယ်။ ဒါကြောင့် ကော်မတီအနေနဲ့ သက်ဆိုင်ရာလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေ ကိုသာလျှင် သိမ်းဆည်းမြေ စွန့်လွှတ်မှုနှင့်ပတ်သက်လို့ နည်းပါးနေတာကိုပဲ ဆက်လက်ပြီး အကြံပြု ထောက်ပြစေလိုပါတယ်။ ဒါက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပတ်သက်လို့ ကော်မတီရဲ့ အစီရင်ခံချက်ကို ကျွန်တော့်အနေနဲ့ အနည်းငယ်ဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သိမ်းဆည်းခံမြေယာနှင့်ပတ်သက်လို့ ယခင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ယနေ့ အချိန်မှာ နိုင်ငံတော်သမ္မတကြီးဦးဝင်းမြင့်ကိုယ်တိုင် ကျွန်တော်တို့ကို ညွှန်ကြားခဲ့တာရှိပါတယ်။ လွှတ်တော်အတွင်းမှာလည်း အကြိမ်ကြိမ်အခါခါ လွှတ်တော်ကိုယ်စားလှယ်များကို သိမ်းဆည်းခံမြေယာကိစ္စအပေါ်မှာ အားတက်သရောဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ကိုညွှန်ကြားခဲ့တာရှိပါတယ်။ သမ္မတကြီးတာဝန်ယူပြီးတဲ့အချိန်မှာ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ထုတ်ပြန်တဲ့စာထဲမှာ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်၊ သဘောထားမှတ်ချက်များအပေါ် အခြေခံကာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများက မှန်မှန်ကန်ကန်ဆောင်ရွက်ပေးရန်လို့ လမ်းညွှန်မှုပြုခဲ့တာ ရှိပါတယ်။ သို့သော် ကျွန်တော်တို့ဘက်က မှန်မှန်ကန်ကန်တင်ပြ လမ်းညွှန်မှုပေးခဲ့သော်လည်းပဲ သက်ဆိုင်ရာက ပြန်လည်စွန့်လွှတ်မှုအားနည်းနေတာကိုပဲ တွေ့ရှိရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် လမ်းညွှန်ခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်နေ့က လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှာလည်း မှတ်ချက်ပြုထားတာရှိပါတယ်။ အနာဂတ်မှာ သုံးရန် ရည်ရွယ်ချက်နှင့် ယူထားပိုင်ခွင့်မရှိဘူးဆိုတဲ့ မှတ်ချက်ပြုထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များ အစွမ်းကုန်ဆောင်ရွက်နေသော်လည်းပဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ စွန့်လွှတ်မှုအားနည်းနေတဲ့အကြံပြုအပေါ်မှာ ကော်မတီအနေနဲ့။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ၂၈-၁၁-၂၀၁၈ ရက်နေ့က လွှတ်တော်ကြီးကိုတင်သွင်းခဲ့တဲ့ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့အစီရင်ခံစာအပေါ် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်က အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စိုက်ပျိုးရေးကို အခြေခံတဲ့ကျွန်မတို့နိုင်ငံမှာ တောင်သူလယ်သမားတွေနဲ့ အလုပ်သမားတွေရဲ့ကဏ္ဍက အဓိကကျတာမို့ ဒီတောင်သူလယ်သမားတွေနဲ့ အလုပ်သမားတွေရဲ့

ရေးရာတွေကို ကူညီဖြေရှင်းဆောင်ရွက်ပေးမယ့် ကျွန်မတို့လွှတ်တော်ရဲ့ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဟာဆိုရင် အင်မတန်အရေးပါလှတဲ့ ပြည်သူ့အကျိုးကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မယ့် ပြည်သူအားကိုးရာကော်မတီတစ်ခုဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒါကြောင့် ဒီကော်မတီကြီး အားကောင်းမောင်းသန်ဖြစ်ဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ဖို့ ကျွန်မတို့လွှတ်တော်ကြီးမှာ တာဝန်အပြည့်အဝရှိပါတယ်။ ကော်မတီရဲ့အစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့လွှတ်တော်အနေနဲ့ ဝိုင်းဝန်းလုပ်ဆောင်ပေးဖို့ အများကြီးလိုအပ်နေသလို ကော်မတီကိုလည်း ပိုမိုကျယ်ပြန့်ထိရောက်တဲ့လုပ်ပိုင်ခွင့်နှင့် တာဝန်တွေပေးဖို့အတွက် လိုနေတာကို တွေ့ရှိရပါတယ်။ ကော်မတီအစီရင်ခံစာအပိုဒ် ၁၂ အရ ကော်မတီဖွဲ့စည်းပြီးချိန်မှစပြီးတော့ ၁၆-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီကို ရောက်လာတဲ့စာတွေနဲ့ တောင်သူလယ်သမားတွေရဲ့တိုင်စာ ၆၇၀၄ စောင်၊ အလုပ်သမားတွေနဲ့ပတ်သက်တဲ့တိုင်စာ ၁၀၂ စောင်၊ ကော်မတီနှင့်မသက်ဆိုင်တဲ့တိုင်စာ ၅၃ စောင် စုစုပေါင်း ၆၈၅၉ စောင်ရှိတယ်လို့ သိရပါတယ်။ ဒီစာတွေအနက် ဗဟိုမြေ/စစ်ကို ၂၀၁၀ စောင်၊ လယ်သမား၊ အလုပ်သမားနဲ့ အခြားသက်ဆိုင်ရာဝန်ကြီးဌာနတွေကို ၆၅ စောင် စုစုပေါင်း ၂၀၆၆ စောင်ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုကို အကြောင်းပြန်ကြားရန်ဆိုပြီးတော့ ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ အပိုဒ် ၁၉ အရ ဗဟိုမြေ/စစ်ကော်မတီက မိမိတို့ကော်မတီကို ပြန်လည်အကြောင်းကြားမှု အလွန်နည်းပါးလို့ ကော်မတီအနေနဲ့ တိုင်စာတွေအပေါ် ပြီးစီးအောင် ဆောင်ရွက်နိုင်မှု အားနည်းလျက်ရှိတယ်လို့ သိရတဲ့အတွက် များစွာစိတ်မကောင်းဖြစ်မိပါတယ်။ ပြည်သူတွေက လွှတ်တော်ကော်မတီကို အားကိုးပြီးတော့ မိမိတို့အခက်အခဲတိုင်ကြားအကူအညီတောင်းတာကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရာမရောက်လို့ လွှတ်တော်အပေါ်မှာ ပြည်သူတွေ ယုံကြည်မှုမဲ့စေပါတယ်။ ဒါကြောင့် ကော်မတီအနေနဲ့ ဒီကိစ္စကို အလေးအနက်ထားပြီး ဆောင်ရွက်သင့်တယ်လို့ အကြံပြုပါရစေ။

ကော်မတီအစီရင်ခံစာအပိုဒ် ၁၇၊ ၃၂ တို့အရ စောစောက ကိုသောင်းဌေးလင်းလည်း ပြောသွားပါတယ်။ ကော်မတီက တိုင်စာအနေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဒေသကကိုယ်စားလှယ်တွေကို မေးမြန်းတဲ့အခါမှာ တချို့ကိုယ်စားလှယ်တွေက မြေသိမ်းကိစ္စအပေါ်မှာ စိတ်ဝင်စားမှုနည်းခြင်း၊ မြေသိမ်းမူဝါဒ၊ လမ်းညွှန်ချက်တွေကို မသိခြင်းကြောင့် ကော်မတီရဲ့စုံစမ်းမှုကို ကူညီဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါဆိုရင် ဒီကိစ္စကို ကော်မတီက ဘယ်လိုကိုင်တွယ်မလဲဆိုတဲ့အဖြေကို ရှာဖို့လိုမယ်ထင်ပါတယ်။ ဒီအစီရင်ခံစာမှာတော့ အဖြေထုတ်ထားတာ မတွေ့ရပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ နိုင်ငံတော်က အလေးအနက်ထားတဲ့ မြေသိမ်းပြဿနာတွေ၊ မြေ/စစ်ကိစ္စတွေကို စိတ်မဝင်စားလို့မရပါဘူး။ ဒါ နိုင်ငံတော်မူဝါဒပါ။ ကျွန်မတို့သမ္မတကြီးကိုယ်တိုင် အလေးအနက်ထားတဲ့လုပ်ငန်းစဉ်ဖြစ်တာမို့လို့ ဒီလိုစိတ်မဝင်စားဘူးဆိုရင် လွှတ်တော်ဥက္ကဋ္ဌကြီးထံတင်ပြပြီး သက်ဆိုင်ရာကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆွေးနွေးလို့ရနိုင်ပါလျက် ဒါကိုတော့ ကော်မတီရဲ့အစီရင်ခံစာမှာ ဆောင်ရွက်ထားကြောင်း ဖော်ပြထားတာ မတွေ့ရပါဘူး။ တိုင်စာတွေအပေါ်မှာ သက်ဆိုင်တဲ့မဲဆန္ဒနယ်က ကိုယ်စားလှယ်တွေနဲ့ဆွေးနွေးခြင်းဖြင့် အပိုဒ် ၁၈ မှာဖော်ပြထားတဲ့ကိစ္စရပ်ကို လွယ်ကူစွာ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ အစီရင်ခံစာအပိုဒ် ၃၂၊ ၃၄ မှာဖော်ပြထားတဲ့

ကော်မတီဝင်အနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက်ကွင်းဆင်းဆောင်ရွက်မှုမရှိနိုင်ခြင်းကြောင့် တိုင်စာတွေကို ဖတ်ရှုပြီးသာ မှတ်ချက်ပြုရတဲ့အတွက် တချို့တိုင်စာတွေကို အယူအဆလွဲမှားမှုတွေရှိနိုင်လို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပါက ပိုမိုထိရောက်နိုင်ကြောင်းဆိုတဲ့ တင်ပြချက်ကို ထောက်ခံပါတယ်။ ဒါမှလည်း တိုင်ကြားသူနှင့် တိုင်ကြားခံရတဲ့ ပြည်သူတွေရဲ့အခက်အခဲ၊ ပကတိနယ်မြေအခြေအနေနှင့် ဌာနဆိုင်ရာနှင့်ပတ်သက်တာတွေ အဲဒီပြဿနာတွေကို ပိုမိုပြီးတော့ တိတိကျကျ၊ လက်တွေ့ကျကျသိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်သမား၊ အလုပ်သမားပြဿနာများတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေကို Pilot Project အနေနဲ့ထားပြီး ဆင်းသင့်ပါတယ်။ ဒီလိုသွားရင်းနဲ့ ပြည်သူတွေကိုလည်း အသိပညာတွေပေး၊ ဆွေးနွေးပွဲတွေပြုလုပ်ခြင်းကို တွဲဖက်ဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်မယ်လို့ အကြံပြုပါရစေ။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းဟာ အခုဆိုလို့ရှိရင် ထက်ဝက်ကျိုးလာပါပြီ။ ဒါကြောင့် ပြည်သူများအားကိုးရာ ဒီတောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီအနေနဲ့ ကျန်တဲ့သက်တမ်းမှာ ဒီထက်ပိုပြီးတော့ အရှိန်အဟုန်မြှင့်ကြိုးစားဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အခက်အခဲတွေဟာ ဖြေရှင်းလို့ရနိုင်တဲ့ အခက်အခဲတွေသာဖြစ်တဲ့အတွက် ကော်မတီအနေနဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းကလည်းကောင်း၊ Parliamentary Oversight အရလည်းကောင်း ထိရောက်နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် အများပြည်သူယုံကြည်ကိုးစားရတဲ့ လွှတ်တော်ကော်မတီတစ်ရပ်အဖြစ် ကျွန်မတို့လွှတ်တော်ကြီးရဲ့ဂုဏ်ကို ဆက်လက်ဖော်ဆောင်နိုင်ပါစေလို့ အကြံပြုရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံးဆန်မိုင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးလုံဂျုံးဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံးဆန်မိုင် ဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာကိုဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်တွေရဲ့တာဝန်ဟာ ကိုယ်စားပြုခြင်း၊ အစိုးရကို ထိန်းကျောင်းခြင်းနှင့် ဥပဒေပြုခြင်းပဲဖြစ်ပါတယ်။ အခြေခံကတော့ ဥပဒေပြုခြင်းဖြစ်ပါတယ်။ ဥပဒေပြုတယ်ဆိုတာ နိုင်ငံရဲ့အာဏာ၊ အစိုးရရဲ့အာဏာကို အတည်ဖြစ်စေခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့မူ(Policy)၊ စီမံကိန်းတွေကို လက်တွေ့အကောင်အထည်ဖြစ်လာဖို့ အာဏာတည်စေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကော်မတီတွေဖွဲ့ပြီး လုပ်ငန်းတာဝန်တွေကို ခွဲဝေကြရာမှာ ဥပဒေပြုဖို့တာဝန်ဟာ အဓိကအားဖြင့် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်တဲ့ကော်မတီတွေဟာ လုပ်ငန်းသဘာဝအရ အစိုးရကိုထိန်းကျောင်းခြင်းကို ပိုပြီးအလေးပေးနေရပြီး ဥပဒေပြုရာမှာတော့ ဥပဒေကြမ်းကော်မတီကို ဝိုင်းရံကာ၊ ဖြည့်စွက်ကာ၊ ပြည့်စုံခိုင်မာစေဖို့ပဲ ဖြစ်ပါတယ်။

ကော်မတီရဲ့အစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ တိုင်ကြားစာကိစ္စ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ကော်မတီအစည်းအဝေးပွဲများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများစသည်ဖြင့် တွေ့ရပါတယ်။ ပုံမှန်လွှတ်တော်အစည်းအဝေးများကို မပျက်ကွက်သည့်အောက်မှာ လှုပ်ရှားနေရတာဖြစ်လို့

အချိန်ပေးမှုမှာ အကန့်အသတ်ရှိနေတာကို နားလည်နိုင်ပါတယ်။ အလုပ်သမား၊ လယ်သမားတွေနဲ့ ဆိုင်တဲ့ကော်မတီဟာ တိုင်းပြည်ရဲ့လူဦးရေအချိုးအစားအရ အင်မတန်အရေးကြီးတဲ့ကော်မတီ ဖြစ်ပါတယ်။ အစီရင်ခံစာအရ အလုပ်သမား၊ လယ်သမားတို့နှင့် ၎င်းတို့ကိုကိုယ်စားပြုတဲ့ အဖွဲ့အစည်းများနှင့် ထိတွေ့မှုနည်းနေတာကိုတွေ့ရပါတယ်။ အလုပ်သမား၊ လယ်သမားတို့ရဲ့ အကျိုးစီးပွားအတွက် အစိုးရကို ထောက်ပြခြင်း၊ အကြံပေးခြင်းစတဲ့ ထိန်းကျောင်းခြင်းလုပ်ငန်းတွေကို လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ပြုလုပ်ဖို့တာဝန်ရှိတယ်လို့ယူဆပါတယ်။ စိတ်မကောင်းစရာကတော့ ကျွန်တော်တို့ဟာ အပတ်တစ်ကုတ်ဥပဒေတွေပြု၊ လုပ်ခလစာတွေတိုးပေးပေမဲ့ အလုပ်သမား၊ လယ်သမားတွေရဲ့ဘဝကတော့ အားရလောက်အောင် ပိုမိုတိုးတက်မလာခြင်းပဲဖြစ်ပါတယ်။ အကြောင်းကတော့ ငွေဖောင်းပွခြင်း၊ ငွေတန်ဖိုးကျခြင်း၊ ကုန်စျေးနှုန်းတက်ခြင်းတွေကို ရရှိလာတဲ့ဝင်ငွေနဲ့ လိုက်မညီနိုင်ခြင်းပဲဖြစ်ပါတယ်။ လယ်သမားတစ်ယောက်က ရရှိတဲ့စပါး တင်း ၁၀၀ ဟာ အခြေခံအားဖြင့် ကျပ်ငွေ ငါးသိန်းပဲဖြစ်ပါတယ်။ သာမာန်လယ်သမားတစ်ဦးဟာ တစ်နှစ်ကို စပါးတင်း ၂၀၀၊ ၃၀၀ ရဖို့မလွယ်ပါ။ နောက်ဆုံးမှာတော့ ပြည်ပကိုအလုပ်သွားလုပ်ခြင်းပဲဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ နှစ်ဆန်းပိုင်းစာရင်းအရ ပြည်ပမှာ အလုပ်သွားလုပ်တဲ့ မြန်မာနိုင်ငံသားဦးရေဟာ ငါးသန်းပတ်ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။ တရားမဝင်အလုပ်သမားတွေနဲ့ပေါင်းလိုက်ရင် ခြောက်သန်းကျော်မယ်လို့ခန့်မှန်းရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံခြားကိုအလုပ်သွားလုပ်တဲ့ဦးရေဟာ တစ်ရက်ကို ၄၀၄ ဦးရှိရာကနေပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ တစ်ရက်ကို ၄၉၈ ဦးရှိတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ဟာ ဒီစိန်ခေါ်မှုတွေကို မကျော်လွှားနိုင်ရင် နောင် လေး၊ ငါးနှစ်ဆိုရင် တစ်ရက်ကို ၁၀၀၀ ဦးထက်မက ရှိနိုင်ပါတယ်။ အခုအချိန်မှာတောင် ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာ အချို့လယ်သမားတွေဟာ လယ်မလုပ်တော့ဘဲ တရုတ်ပြည်မှာ နေ့စားအလုပ်သမားတွေ သွားလုပ်နေကြပြီဖြစ်ပါတယ်။ တရုတ်ပြည်မှာက အလုပ်သမားတစ်ယောက်ရဲ့ အနိမ့်ဆုံးလစာဟာ တစ်နာရီကို ၁၂ ယွမ်ဖြစ်ပါတယ်။ စားစရိတ်၊ နေစရိတ်ကို အလုပ်ရှင်ကတာဝန်ယူတာဖြစ်ပါတယ်။ တစ်ရက်ကို ရှစ်နာရီအလုပ်လုပ်ရင် ၉၆ ယွမ် ရပြီး ကျပ်ငွေ ၂၀၀၀၀ နဲ့ညီမျှပါတယ်။ တစ်ရက် ၁၀ နာရီလုပ်တဲ့ အလုပ်သမားဟာ ၂၅၀၀၀ ကျပ် ပတ်ဝန်းကျင်ရပါတယ်။ ဒီအခြေအနေအောက်မှာ သာမာန်လယ်သမားတစ်ယောက်၊ အောက်ခြေဝန်ထမ်းတစ်ယောက်ဟာ နိုင်ငံခြားမှာအလုပ်သွားလုပ်ခြင်းကို ပိုမိုစိတ်ဝင်စားလာတဲ့သဘောရှိပါတယ်။ အခုနောက်ပိုင်းမှာ လက်နက်ကိုင်တပ်က တပ်ပြေးတွေတော်တော်များများဟာ တရုတ်ပြည်မှာ အလုပ်သွားလုပ်တယ်လို့သိရပါတယ်။ ကျွန်တော်တို့ဟာ အလုပ်လက်မဲ့ပြဿနာ၊ ငွေတန်ဖိုးကျခြင်းနှင့် ကုန်စျေးနှုန်းတက်ခြင်းတို့မှ ဖြစ်ပေါ်လာတဲ့ ပြည်ပမှာအလုပ်လုပ်နေရတဲ့ပြဿနာတွေကို မဖြေရှင်းနိုင်ရင် နောင် ၁၀ နှစ်လောက်မှာဆိုရင် ပြည်ပထွက်ပြီးအလုပ်သွားလုပ်တဲ့ဦးရေဟာ သန်း ၁၀ သန်းရောက်တောင်ရောက်နိုင်ပါတယ်။ နောက်ဆုံးမှာတော့ အရွယ်ကောင်းတဲ့ ကျွန်တော်တို့နိုင်ငံသားအများစုဟာ ပြည်ပထွက်အလုပ်သွားလုပ်ကုန်ကြပြီး တိုင်းပြည်အတွင်းမှာတော့ ဘာသာရေးဆရာတွေ၊ ဘုန်းကြီးတွေ၊ စစ်မှုထမ်းတွေ၊ အစိုးရဝန်ထမ်းတွေ၊ အသက်အရွယ်ကြီးသူတွေ၊ ကလေးငယ်တွေနဲ့ နိုင်ငံရေးသမားလုပ်သူတွေပဲကျန်ခဲ့မယ့်ကိန်းကို ဖော်ပြနေသလိုဖြစ်နေပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစိန်ခေါ်မှုအားလုံးဟာ မဖြေရှင်းနိုင်တဲ့၊ မကျော်လွှန်နိုင်တဲ့အခက်အခဲ အတားအဆီးတော့ မဟုတ်ပါဘူး။ တိုင်းပြည်ငြိမ်းချမ်းပြီး တည်ငြိမ်တဲ့အစိုးရ၊ ပုံမှန်လည်ပတ်နိုင်တဲ့ ဒီမိုကရေစီအစိုးရယန္တရားရှိလာရင် မုချကျော်လွှားနိုင်မှာသေချာပါပဲ။ ဒါကြောင့် သက်ဆိုင်ရာ သက်ဆိုင်သူတွေအနေနဲ့ ရင်ကြားစေ့နိုင်တဲ့အရင်းအမြစ်အဖြေကို အမှန်အတိုင်းတွေ့ရှိလက်ခံပြီး ငြိမ်းချမ်းနိုင်တဲ့အရင်းအမြစ်အဖြေတွေကို ပဂတိအတိုင်း တွေ့ရှိလက်ခံပြီး အမြန်ဆုံးပူးပေါင်းကြပါလို့ တိုက်တွန်းရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(ဥက္ကဋ္ဌ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ)**။ ။ အခုလို ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာကို ဦးသောင်းဌေးလင်း၊ ဒေါ်မာမာခိုင်၊ ဦးလုံဂျူဆန်မိုင် တို့ဆွေးနွေးသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ရော၊ ကော်မတီရဲ့ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အနည်းငယ်ပြန်လည်ပြီးတော့ ရှင်းလင်းချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အားနည်းချက် လို့ တချို့လို့ ကျွန်တော်တို့ပြောတာပါ။ အားလုံးသော လွှတ်တော်ကိုယ်စားလှယ်တွေကို ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်တို့က တိုင်ကြားစာတွေနှင့်ပတ်သက်ပြီး တိုင်ကြားစာပေါ်မှာပဲ မှတ်ချက်ပြု ရတဲ့သဘောဖြစ်ပါတယ်။ အဲဒီတော့ တိုင်ကြားစာနဲ့ပတ်သက်လို့ ကျွန်တော်တို့က သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေကို မေးမြန်းပြီးတော့မှ ကျွန်တော်တို့က တိုင်ကြားစာအပေါ်မှာ မူတည်ပြီးတော့ မှတ်ချက်ရေးပြီးတော့ လယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌကြီးဆီကို ကျွန်တော်တို့ အကြံပြုစာတွေပို့ရပါတယ်။ အဲဒီလို ပို့တဲ့နေရာမှာ တချို့သော လွှတ်တော်ကိုယ်စားလှယ်တော်တွေ အားနည်းတယ်ဆိုတာကို ဒီထဲမှာကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောတာပါ။ အားလုံးကိုပြောတာမဟုတ်ပါဘူး။ အခုလို ဝေဖန်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါ တယ်။ ဒေါ်မာမာခိုင် ပြောသွားတာကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကော်မတီ က ဒီ့ထက်လုပ်ငန်းပိုမိုအောင်မြင်အောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဦးလုံဂျူဆန်မိုင် ပြောတာတွေကတော့ ဒီတောင်သူလယ်သမားတွေရဲ့ အခွင့်အလမ်းတွေ၊ ဒီအခွင့်အရေးတွေ နည်းပြီး တော့ ပြည်ပကိုထွက်ပြီးတော့ အလုပ်လုပ်ကိုင်သွားရတဲ့ အခြေအနေတွေ ဒါတွေလွန်မြောက်အောင် ကျွန်တော်တို့က ခုနက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဥပဒေတို့၊ နောက် ငြိမ်းဥပဒေတို့၊ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားဥပဒေတို့၊ လယ်ယာမြေဥပဒေတို့ ဒါတွေကို ကျွန်တော်တို့က ခေတ်နဲ့လျော်ညီအောင် ပြင်ဆင် ဆောင်ရွက်နေရပါတယ်။ နည်းဥပဒေတွေ ကိုလည်း ကျွန်တော်ပြန်လည်ပြီးတော့ သုံးသပ်နေရပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့လွှတ်တော်ကနေတစ်ဆင့် အကြံဉာဏ်ကောင်းတွေ ပေးနိုင်အောင်၊ ဒီကော်မတီရဲ့ အရည်အသွေးတွေတိုးတက်လာအောင် ကျွန်တော်တို့ဆောင်ရွက်သွားမယ်လို့ ကျွန်တော်လေးစားစွာ ပြန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီတစ်ခုရဲ့အစီရင်ခံစာ အပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်တွေက စိတ်ဝင်တစားနဲ့ ဝေဖန်အကြံပြုချက်များပေးခဲ့ပါတယ်။ ဒီလိုဝေဖန်တာတွေကတော့ အပြုသဘောနဲ့ထောက်ပြဆောင်ရွက်ခြင်းပဲဖြစ်တဲ့အတွက် နောင်လာ လတ္တံ့သောကာလမှာလည်း ကော်မတီအသီးသီးမှာ တာဝန်ရှိကြတဲ့လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိတို့သက်ဆိုင်ရာကော်မတီနဲ့ပတ်သက်တဲ့လုပ်ငန်းများကို အားထည့်ပြီးစေတနာနဲ့ ဝိုင်းဝန်း ပြီး ဆောင်ရွက်ပေးကြပါလို့ ထပ်လောင်းမှာကြားလိုပါတယ်။

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူ လယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြင့်(ဥက္ကဋ္ဌ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ)**။ ။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ ၏အစီရင်ခံစာကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် တောင်သူလယ်သမားနှင့်အလုပ်သမား ရေးရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို ၁၆-၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ၁၉-၂-၂၀၁၈ ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းဝမ်းမြောက်ပါစေကြောင်း ဂါရဝပြုနှုတ် ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဒီဇင်ဘာလ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၅-၂-၂၀၁၈ ရက် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၁၅-၂-၂၀၁၈ ရက်စွဲပါစာအမှတ်ဖြင့် ပေးပို့လာပါသည်။

၂။ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) စက်မှုဒီဇိုင်းပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရန်နှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊

(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန်အကျိုးပြုစေရန်၊

(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူပြုစေရန်တို့ ဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၁၁-၂၀၁၈ ရက်(ကြာသပတေးနေ့)နှင့် ၁၆-၁၁-၂၀၁၈ ရက်(သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ

လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့် အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထား ပြီးဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ အချိန်ကိုငဲ့ညှာသောအားဖြင့် ပြင်ဆင်ချက်များကို တင်ပြခြင်း၊ ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၁-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက အဆို တစ်ရပ်တင်သွင်းထားပါတယ်။ ဦးစိန်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်က မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန်အတွက် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန် ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွား မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုတင်သွင်းရခြင်းရဲ့ အဓိက ရည်ရွယ် ချက်ကတော့ ရေကြီးနစ်မြုပ်ခြင်း၊ မိုးခေါင်ခြင်း၊ အပေါ်ကြောမြေလျှော်လှုပ်ခြင်းကြောင့်၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် လူလုပ်ပဋိပက္ခများ(Man Made Crisis)ကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီး သွားပါက အချိန်မီ ဒေသနှင့်ကိုက်ညီတဲ့ သီးနှံမျိုးစေ့မျိုးစံများ၊ မျိုးသန့်မျိုးမှန်များ ပြန်လည်ဖြည့်ဆည်း စိုက်ပျိုးနိုင်စေရန် နိုင်ငံတော်အနေဖြင့် အရန်စပါးစနစ်တကျသိုလှောင်ထားခြင်းဖြင့် ဈေးနှုန်း၊ ဈေးကွက် တည်ငြိမ်အောင်ထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံခြားသို့ လိုအပ်လျှင်လိုအပ်သလို အချိန်မီ တင်ပို့ နိုင်ခြင်း၊ ပြည်တွင်းပြည်ပ ဈေးနှုန်းဈေးကွက်များကို လိုအပ်သလို ထိန်းညှိဆောင်ရွက်နိုင်သည့်အပြင်

နိုင်ငံတော်အတွက် အကျိုးအမြတ်ရရှိနိုင်စေရန် မြန်မာနိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံထားသဖြင့် ရာသီဥတုဖောက်ပြန်ပျက်စီးမှုထိခိုက်လွယ်သဖြင့် ရာသီဥတုဖောက်ပြန်မှုဒဏ်၏ နောက်ဆက်တွဲ စားနပ်ရိက္ခာပြတ်လပ်မှု ကာကွယ်ထိန်းကျောင်းစီမံဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသများတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ခံရမည့်စာရင်း ၁၀ နိုင်ငံတွင် နံပါတ်နှစ်အဆင့်ရှိပြီး ရာသီဥတုဖော်ပြန်မှုဒဏ်ကို အချိန်ကာလမရွေး၊ နေရာဒေသမရွေး အကြီးအကျယ်ခံရနိုင်သဖြင့် ကြိုတင်စီမံဆောင်ရွက်မှုသည် မြန်မာနိုင်ငံအတွက် အင်မတန် အရေးကြီးလှပါတယ်။ ရာသီဥတုဖောက်ပြန်သည့်အခါ၊ မြေငလျင်လှုပ်သည့်အခါ၊ စစ်မက်ဖြစ်ပွားသည့်အခါ လမ်းပန်းဆက်သွယ်မှုဖြတ်တောက်ခြင်း၊ အဆောက်အဦများပျက်စီးခြင်း၊ ကျန်းမာရေးပျက်စီးခြင်း၊ လျှပ်စစ်မီးများဖြတ်တောက်ခြင်းအပြင် နောက်ဆက်တွဲဆိုးကျိုးကြီးက စားနပ်ရိက္ခာပြတ်လပ်မှုဖြစ်ပေါ်နိုင်ပြီး နောက်ဆက်တွဲဆိုးကျိုးပြင်းထန်လာပါက ရုန်းရင်းဆန်ခတ် တည်ငြိမ်မှုပျက်ပြားစေပြီး ထိခိုက်မှုပိုမိုများစေပါတယ်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ရာသီဥတုဖောက်ပြန်မှုတွင် ထိခိုက်ပျက်စီးလွယ်ပြီး တည်ငြိမ်ခက်ခဲနိုင်သဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အရန်သီးနှံမျိုး အရန်သိုလှောင်ထားရသလို အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာများကိုလည်း ကြိုတင်စီမံ စနစ်တကျသိုလှောင်ထားရှိဖို့ အထူးလိုအပ်ပါတယ်။ အရန်မျိုးစေ့နှင့် အရန်သွင်းအားစုများကို သိုလှောင်ထိန်းသိမ်းနိုင်သော စနစ်တစ်ခုထူထောင်ထားဖို့ လိုအပ်ပါတယ်။ အရန်သီးနှံမျိုးဆိုတာ စိုက်ပျိုးရေးနှင့်ပတ်သက်၍ လက်ရှိစိုက်ပျိုးနေသော သီးနှံအလိုက်စိုက်ပျိုးနေသောမျိုးများကို လိုအပ်ချက်ပမာဏထက် အရန်အပိုစောင်း၍ စနစ်တကျ သိုလှောင်ထားရှိရန် ဆိုလိုခြင်းဖြစ်ပါတယ်။ ၎င်းသီးနှံမျိုးလက်ရှိစိုက်ပျိုးနေသော နှံစားသီးနှံ၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်များကို စနစ်တကျ သိုလှောင်ထားရှိပြီး ရုတ်တရက်ပျက်စီးပါက အခြေအနေနှင့်ကိုက်ညီသောနည်းစနစ်ကို အသုံးပြု၍ အမြန်အစားထိုးစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံတွင် အရန်သီးနှံမျိုးထားရှိမှုကို တောင်သူလယ်သမားနှင့် အစိုးရခြံများတွင် ထားရှိသော်လည်း ထားရှိမှုပမာဏ အင်မတန် နည်းပါးလျက်ရှိပါတယ်။ ယခုအခါ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသောမျိုးစပါးများကို ဒေသနှင့်ကိုက်ညီမှုရှိ/မရှိ စနစ်တကျစမ်းသပ်မှုမရှိဘဲ ရတဲ့စပါး သင့်သလိုစိုက်ပျိုးနေတဲ့အတွက် မျိုးစပါးအပင်ပေါက်ရာခိုင်နှုန်းညံ့ဖျင်းခြင်း၊ မျိုးမှားယွင်းမှုများဖြစ်ပေါ်ခြင်း၊ မျိုးစပါးမသန့်မှုများကြောင့် သီးနှံအထွက်နှုန်း နည်းပါးခြင်း၊ အရည်အသွေးညံ့ဖျင်းခြင်း၊ ဒေသနှင့်ကိုက်ညီမှုမရှိသည့်အတွက် ဒုတိယအကြိမ် ထပ်မံအရှုံးများဖြစ်ပေါ်ခဲ့ကြောင်း၊ နောက်ဆုံးတွင် အချိန်လွန်၍ ဘာသီးနှံမှစိုက်၍ မရတော့သော အချိန်ကာလအခြေအနေတွေ့ကြုံရကြောင်း လေ့လာတွေ့ရှိရပါတယ်။ အရန်စပါး စနစ်တကျသိုလှောင်ထားရှိခြင်းဖြင့် နိုင်ငံအတွက် အနာဂတ်အကျိုးရှိသလို ဒေသသင့်တင့်သော ဈေးနှုန်း၊ ဈေးကွက်တည်ငြိမ်မှုကို အထောက်အကူဖြစ်စေပါတယ်။ ဥပမာ- စပါးဈေးငါးသိန်းအောက်ရောက်ရင် အရန်စပါးဝယ်သွားခြင်းဖြင့် အာမခံဈေးနှုန်းကို အထောက်အကူပြုသည့်အပြင် တစ်ချက်ခုတ်သုံးချက်ပြတ်၊ အရန်စပါးဖူလုံရေးနှင့် လုံခြုံရေးကိုပါ အကျိုးကျေးဇူးရှိစေပါတယ်။ ၂၀၁၈ ခုနှစ်၊

ရေကြီးနစ်မြုပ်မှုကြောင့် အာရှဆန်အဖွဲ့အစည်းမှ ARSEAN Rice ဆန်တန်ချိန် ၁၃၀၀ ကျော် တင်သွင်းပြီး ရေဘေးဒုက္ခသည်များကို ဖြန့်ဖြူးရကြောင်း ကြားသိရပါတယ်။ ဒီလုပ်ဆောင်ချက်ကို ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်သော မြန်မာနိုင်ငံက ဆန်စပါး ပြန်လည်တင်သွင်းရသည်မှာ အင်မတန်စိတ်မကောင်းစွာ ခံစားရပါတယ်။ ယခုအခါ ဈေးကွက်ထဲတွင်လည်း နိုင်ငံခြားမှ တန်ဖိုးမြှင့်စားသုံးကုန်ပစ္စည်းများ တင်သွင်းရောင်းချနေကြောင်း ဆိုးကျိုးရှိသော စားသုံးကုန်ပစ္စည်းများတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ စိုးရိမ်စိတ်ရှိလာ၍ ဒီအဆိုကိုလည်း တင်သွင်းရခြင်း ဖြစ်ပါတယ်။ အရန်ဆန်ထားရှိခြင်းဖြင့် ရာသီဥတု ဖောက်ပြန်သော ဒေသများဆီသို့ လျင်မြန်စွာပံ့ပိုးထောက်ပံ့နိုင်ရေးဖြင့် စာနပ်ရိက္ခာဖျက်လပ်မှုကိုလည်း ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်ပါတယ်။ လူကြောင့်ဖြစ်ပေါ်သော ပဋိပက္ခဒုက္ခသည်များအား လျင်မြန်စွာ ထောက်ပံ့ကူညီပေးနိုင်စေပါတယ်။ အရန်ရိက္ခာထားရှိခြင်းသည် မိမိနိုင်ငံအင်အားတောင့်တင်းခိုင်မာစေပြီး ရာသီဥတုဖောက်ပြန်သော နောက်ဆက်တွဲဒဏ်ကိုခံနိုင်စေပြီး ပြည်သူတို့၏ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုကိုဖြစ်စေပါတယ်။ နိုင်ငံတစ်ခု၏အရေးကြီးဆုံးဟာ တည်ငြိမ်အေးချမ်းမှုဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေနိုင်သော အကြောင်းအရာများထဲမှာ ရာသီဥတုဖောက်ပြန်ခြင်း၊ စစ်ဖြစ်ပွားခြင်းတို့သည် စားနပ်ရိက္ခာပျက်လပ်မှုများ၊ မတည်ငြိမ်မှုများ၊ ရုန်းရင်းဆန်ခတ် လူသတ်မှုဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် သင်ခန်းစာများလည်း တွေ့ကြုံခံစားရရှိထားပြီးဖြစ်၍ မြန်မာနိုင်ငံအတွက် အထူးကြိုတင်စီမံဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။

စားနပ်ရိက္ခာဖူလုံရေး စနစ်တကျကြိုတင်စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ အရန်သီးနှံမျိုးများကို Public Private Partnership စနစ်တစ်ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အာဟာရနှင့်ညီညွတ်ပြည့်ဝသော အစားအစာစားနပ်ရိက္ခာများဖြစ်အောင် ထိန်းကျောင်းတည့်မတ်တိကျဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ရာသီဥတုနှင့်ကိုက်ညီတဲ့ စိုက်ပျိုးရေးနည်းစနစ် Climate Smart Agriculture System စိုက်ပျိုးနိုင်သော စိုက်ပျိုးနိုင်အောင် သင်ကြားထားဖို့ လိုအပ်ပါတယ်။ အရန်မျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာအပြင် ရေရှည်တည်တံ့သော စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် F ဆယ်လုံး အခြေခံဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ၎င်း F ဆယ်လုံးဟာ Food၊ Fish၊ Feed၊ Fiver၊ Fuel၊ Forest၊ Farmer၊ Firming၊ Finance၊ Feminists စသည့် ဒီ F ဆယ်ချက်က အဲဒီအခြေခံစနစ်တွေဖြစ်ပါတယ်။ ထပ်ပြီးလည်း ဖြည့်စွက်လို့ရပါသေးတယ်။ အရန်မျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်စီမံခန့်ခွဲဖြန့်ဖြူးရေး၊ ဗဟိုတိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အလိုက် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆောင်းထွက်သီးနှံများကို ဝယ်ယူ၍ စတင်ဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။ စားနပ်ရိက္ခာအရန်သိုလှောင်ရေး Food Reside၊ Law၊ Act ပြဋ္ဌာန်းရေးဆွဲပြီးအကောင်အထည်ဖော်သင့်ပါတယ်။ ဒီအဆိုကို အကောင်အထည်ဖော်ရာတွင် ဒုတိယသမ္မတတစ်ဦးမှတာဝန်ယူပြီး ပူးပေါင်းကော်မတီဖွဲ့၍ စီစဉ်ဆောင်ရွက်သင့်ပါကြောင်း ဆောင်ရွက်တဲ့အခါမှာ အရန်စားနပ်ရိက္ခာထားရှိရေးစီမံချက် Food Policy၊ Food Security and Authority Committee၊ Food Security and Working Committee များ ထည့်သွင်းရေးဆွဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီတာဝန်ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဌာနရဲ့ အဓိကတာဝန်ဖြစ်သော်လည်း သက်ဆိုင်ရာအစိုးရဌာနအားလုံး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးကောင်းမွန်မှုဆိုတာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးမျိုးစလုံး တည်ငြိမ်ကောင်းမွန်ခြင်းနှင့် စိုးရိမ်ထိတ်လန့်မှုမရှိရေး ဖြစ်ပါတယ်။ အထူးသဖြင့် ရာသီဥတုဖောက်ပြန်ဒဏ်ခံရမည့် အမှတ်စဉ်အဆင့် ၂ ရှိတဲ့ မြန်မာနိုင်ငံသည် မပြေးသောကာရန်ရှိ အဆိုးဆုံးအတွက် ကြိုတင်ပြင်ဆင်ထားဖို့လိုအပ်ပါတယ်။ ဒီနေ့ မေးခွန်းတွေမေးတဲ့အခါလည်း ဒီအချက်တွေပဲ မေးလာတာတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး အတွက် အခက်အခဲအကြပ်အတည်း ပဋိပက္ခမဖြစ်စေရန် Food Security and the term of the Crisis ဒဏ်ခံနိုင်ရန် ကျွန်တော်၏အဆိုဖြစ်သော ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးအတည်ပြုပေးနိုင်ရေး ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားတန်ဖိုးထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ဝင်းတင်ပြသွားသောအဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေပါ။ မအူပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း တင်သွင်းတဲ့ ရာသီဥတုဖောက်ပြန်သောဒဏ်ဖြေရှင်းနိုင်ရန်အတွက် အရန်သီးနှံ၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာနပ်ရိက္ခာထုတ်လုပ်မှုဟာ အခြားစီးပွားရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်လိုက်လို့ရှိရင် ပိုပြီးတော့ ထိခိုက်လွယ်ပြီး၊ သဘာဝပတ်ဝန်းကျင်အပေါ်မှာ များစွာမှီခိုနေကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်တွင် မိုးခေါင်ရေရှားပြီးချိန် ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေပြိုခြင်းအပြင်၊ စိုက်ပျိုးရေးဒဏ်ဖြစ်ခြင်းတို့ကြောင့် ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံဖို့အတွက် ချိန်းခြောက်လျက်ရှိနေပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FBO ဟာ ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများစားနပ်ရိက္ခာဖူလုံရေးအတွက် သဘာဝဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဆုံးရှုံးပျက်စီးလျော့နည်းစေရေးစီမံချက်အတွက် စားနပ်ရိက္ခာဖူလုံရေးမဟာဗျူဟာမူဘောင်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင်ယခင်က ဒီလိုကြိုတင်ပြင်ဆင်မှုမရှိခဲ့တဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ဆန်အိုးကြီးဒေသများဖြစ်တဲ့ ဧရာဝတီနှင့်ရခိုင်ဒေသတွေမှာ စားနပ်ရိက္ခာရှားပါးမှုကြောင့် အငတ်ဘေးကြုံတွေ့ခဲ့ရတဲ့ သာဓကတွေလည်း ရှိခဲ့ဖူးပါတယ်။ ဆန်ရေစပါးပေါကြွယ်ဝတယ်ဆိုတဲ့ ဓညဝတီလို့ခေါ်တဲ့ ရခိုင်ပြည်နယ်မှာ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့က ထမင်းငတ်ပြီး ဆန်တောင်းခဲ့ရာမှာ အကြေဆန်သာရခဲ့တဲ့ စစ်တွေဆန်ပြဿနာဟာဆိုလို့ရှိရင် မမေ့မရနိုင်တဲ့ဒဏ်ရာကြီးအဖြစ်

ကြေကွဲဖွယ်သမိုင်းမှတ်တမ်းကြီးကို မှတ်တမ်းတင်ခြင်ပါတယ်။ ထိုနည်းအတူ ဧရာဝတီတိုင်းမှာ လည်း စပါးဝယ်ဒိုင်ကြီးတွေမှာ စပါးတွေရှိပါလျက်နဲ့ ပြည်သူအငတ်ဘေးကြုံတွေ့ရတဲ့ ဆန်လုပွဲတွေ ဖြစ်ပေါ်ခဲ့ရတဲ့အကြောင်းကို သမိုင်းမှတ်တမ်းမှာ ထင်ထင်ရှားရှားတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ Disaster တစ်ခုဖြစ်လာပြီဆိုလို့ရှိရင် အရပ်ဘက်၊ စေတနာရှင်၊ အလှူရှင်များ၊ NGO၊ INGO များ ကသာ အဓိကပါဝင်နေပြီး အစိုးရအနေဖြင့် စနစ်တကျစီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းနေကြောင်း ဝေဖန်ထောက်ပြလိုပါတယ်။ နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်းကာလက ကူညီကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်မှာဖြစ်ပါတယ်။ တစ်ခါပဋိပက္ခနယ်မြေ များအတွင် ဒုက္ခရောက်နေကြတဲ့ ပြည်သူများအတွက်လည်း ယနေ့အထိ စနစ်တကျကူညီမှုများ မပေးနိုင်သေးပါ။ ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောဒေသတွင် ပဋိပက္ခကြောင့် စိုက်ပျိုးမြေ များကို ယနေ့အထိ ကောင်းစွာစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် စားနပ်ရိက္ခာလိုအပ်မှု များ ဖြစ်ပေါ်နေကြပါတယ်။ ဒီလိုအပ်ချက်များကို ပုဂ္ဂလိကအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်း များကသာ ကူညီဖြေရှင်း ပေးလျက်ရှိနေပါတယ်။ အာဆီယံ+၃ အရန်ဆန် အဖွဲ့ကို ၂၀၁၃ ခုနှစ်က အဆီယံနိုင်ငံများအပါအဝင် တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံများက ပူးပေါင်းပြီးတော့ စားနပ်ရိက္ခာ ပြတ်တောက်လာပါက တစ်နိုင်ငံနှင့်တစ်နိုင်ငံရောင်းချနိုင်ရန်နှင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာ ပါက ကူညီပေးနိုင်ရန် သဘောတူစာချုပ်ကို ချုပ်ဆိုပြီးဖြစ်ရန် လွန်ခဲ့တဲ့နှစ်က ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောဒေသကို လာရောက်ပြီးတော့ လှူဒါန်းသွားခဲ့တာလည်း ရှိပါတယ်။ ရခိုင်ဒေသဟာ သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ခြေများတဲ့ဒေသဖြစ်တယ်။ အဲ့ဒါကြောင့် လွန်ခဲ့တဲ့နှစ်က ရေကြီးပြီး စိုက်ပျိုးသီးနှံများပျက်စီးခဲ့တဲ့အတွက်ကြောင့် မျိုးစပါးများရှားပါးပြီးတော့ အချိန်မီမရခဲ့တဲ့ အတွက်ကြောင့် ရိက္ခာထုတ်လုပ်မှုမှာ ကျဆင်းလျက်ရှိနေပါတယ်။ ဒီလို Disaster ဖြစ်လာတိုင်း နိုင်ငံတကာအဖွဲ့အစည်းကို အားကိုးဖြေရှင်းနေရမယ့်အစား အစိုးရအနေဖြင့် ပြဿနာဖြစ်ပေါ် လာနိုင် ခြေများတဲ့ဒေသများမှာ အရန်ရိက္ခာ၊ အရန်မျိုးစေ့များကို စနစ်တကျသိုလှောင်ထားရှိနိုင်အောင် စီမံထားဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ဒေသတစ်ခုအတွင်း ပြဿနာတစ်ခုဖြစ်ပေါ်လာပြီးမှ အခြားဒေသတစ်ခုမှ ရိက္ခာများကို သယ်ယူဖြန့်ဖြူးကူညီပေးခြင်းဟာ အချိန်ကုန်၊ ငွေကုန်ပြီး ထိရောက် သော တုံ့ပြန်ဖြေရှင်းမှုများ မဟုတ်ပါ။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ် လိုအပ်နေတဲ့ အရန်ရိက္ခာနှင့်၊ အရန်မျိုးစေ့များကို စနစ်တကျစီမံကိန်းရေးဆွဲပြီး ကြိုတင်ပြင်ဆင် ထားရှိနိုင်ဖို့ တိုက်တွန်းရင်း ဦးစိန်ဝင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲ ငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးစိန်ဝင်း၊ တင်သွင်းသွား တဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါ။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသော ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။

## ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၀-၁၂-၂၀၁၈ ရက်နေ့(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန် တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ (၇.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Hla Kyaw U Myo Zaw Oo




U Hla Kyaw Dr Linn Linn Kyaw




U Hla Kyaw U Win Myint Aung




U Hla Kyaw U Sai Oo Kham




U Hla Kyaw U Myint Han Tun




U Hla Kyaw U Khin Zaw

pyithu.hluttaw.mm



U Hla Kyaw



U Soe Aung Naing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်